# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြချက်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့တွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ရှင်းလင်းတင်ပြချက်

## နိဒါန်း

၁။ လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယနေ့ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။

၂။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၈ အရ ဥပဒေကြမ်းနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အမှန်စာရင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမှန်စာရင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းတို့ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပါတယ်။

## နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ်ခြင်း

<u>မေခရိုစီးပွားရေးရည်မှန်းချက်</u>

၃။ နာယကကြီးခင်ဗျား၊ ပထမဦးစွာ နိုင်ငံတော်၏ စီးပွားရေးအခြေအနေအပေါ် ခြုံငုံသုံးသပ် တင်ပြလိုပါတယ်-

- ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၉.၀၂၃ ထရီလီယံနှင့် ၇% တိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ (၆)လပတ်(အောက်တိုဘာလမှ မတ်လ)တွင် ကျပ် ၇၄.၅၀၃ ထရီလီယံ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၂.၆ % အကောင်အထည်

ဖော်နိုင်ခဲ့ပါတယ်။ ပထမ (၆) လပတ်တွင် ပုံမှန်ဈေးနှုန်းအရ ၆ % တိုးတက်မှုရရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကြုံတွေ့ခဲ့ရသည့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (COVID-19) ကြောင့် ကမ္ဘာတစ်ဝန်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေဖြင့်လည်း ရှောင်လွှဲ၍ မရနိုင်ဘဲ ရောဂါမပြန့်ပွားရေးနှင့် ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး၊ ထိခိုက်မှုများကို အသက်သာဆုံး ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်။ သို့ဖြစ်ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၄ . ၃ % သာ ရရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း တင်ပြအပ်ပါတယ်။

- လာမည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂၅ . ၈၀၃ ထရီလီယံ ရရှိရန်ခန့်မှန်းထားပြီး ဂျီဒီပီ တိုးတက်မှုနှုန်းကို ၆ % ရရှိနိုင်မည်ဟု မျှော်မှန်းထားပါကြောင်းတင်ပြအပ်ပါတယ်။

<u>ကဏ္ဍအလိုက်ရည်မှန်းချက်</u>

၄။ နာယကကြီးခင်ဗျား၊ ကဏ္ဍအလိုက် ရည်မှန်းချက်များကို တင်ပြပါမယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကဏ္ဍကြီးများအလိုက် စီးပွားရေးတိုးတက်မှုကို -

- လယ်ယာကဏ္ဍကြီးတွင် ၂ . ၆ %၊
- စက်မှုကဏ္ဍကြီးတွင် ၆ . ၅ %၊
- ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၇ . ၄ % တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

၅။ လယ်ယာကဏ္ဍကြီးတွင်-

- သီးနှံအထွက်တိုးစေရန်အတွက် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သင့်တော်သည့် ဈေးကွက်ဝင် အထွက်ကောင်းသီးနှံမျိုးများ ရွေးချယ်စိုက်ပျိုးရန်၊
- တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေရရှိရေး၊ စက်မှုနည်းပညာသုံး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆက်လက်အားပေး လုပ်ဆောင်ရန်မျှော်မှန်းထားပါတယ်။

၆။ စက်မှုကဏ္ဍကြီးတွင်-

- ရေနံနှင့်သဘာဝဓါတ်ငွေ့များကို ဆက်လက် စမ်းသပ်ရှာဖွေတူးဖော်ထုတ်လုပ်ရန်၊
- COVID-19 ကြောင့် ထိခိုက်ခဲ့သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်၊
- ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေးလုပ်ငန်းများလည်ပတ်မှု အရှိန်အဟုန် ပြန်လည်ရရှိစေရေးအတွက် ကူညီပံ့ပိုးရန်၊
- လမ်း၊ တံတားများ ဆောက်လုပ်ရေး အဆင့်မြှင့်တင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးနှင့် လျှပ်စစ်ဓါတ်အား တိုးတက်ရရှိရေးတို့ကို ဆက်လက်ဆောင်ရွက်ရန် မျှော်မှန်းထားပါတယ်။

၇။ ဝန်ဆောင်မှုကဏ္ဍကြီးတွင်-

- ဆက်သွယ်ရေးကွန်ယက်များ ပိုမိုအသုံးပြုမှု ပိုမိုများပြားလာစေရန်၊
- COVID – 19 အလွန်ကာလတွင် ပြည်တွင်းပြည်ပပို့ဆောင်ရေးဝန်ဆောင်မှု မြင့်တက်စေရန်၊
- ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ တိုးချဲ့အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရန်၊
- ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်လာရန်နှင့် ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်တို့ကို မျှော်မှန်းထားပါတယ်။

၈။ ငွေရေးကြေးရေးကဏ္ဍတွင်-

- ဈေးနှုန်းများတည်ငြိမ်ရေးကို ထိန်းသိမ်းရန်နှင့် မြန်မာကျပ်ငွေတန်ဖိုးပိုမိုတည်တံ့ခိုင်မာစေရန်၊
- ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်သူတို့ လိုအပ်နေသည့် ကုန်စည်များ ထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်စီးဆင်းမှုစသည့် နယ်ပယ်အသီးသီးက ပူးပေါင်းဆောင်ရွက်ရန်တို့ကို မျှော်မှန်းထားပါတယ်။

၉။ ဘဏ္ဍာရေးကဏ္ဍတွင်-

- အခွန်အကောက်ရငွေများ တိုးတက်ရရှိစေရန်၊
- အစိုးရအသုံးစရိတ်များကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲရန်၊

- ပြည်သူကို တိုက်ရိုက်အကျိုးပြုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များ ပိုမိုတိုးမြှင့်ပေးရန်၊
- ဖွံ့ဖြိုးမှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ဆောက်လုပ်ရေးနှင့် စီးပွားရေးအခြေခံအဆောက်အအုံများအတွက် အသုံးစရိတ်များ မြှင့်တင်ပေးရန်၊
- ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 ကြောင့် ထိခိုက်ခဲ့သည့်ကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ အသုံးစရိတ်များကို ဆက်လက်သုံးစွဲပေးရန် မျှော်မှန်းထားပါတယ်။

<u>ကဏ္ဍအလိုက်ပါဝင်မှုအချိုးအစား</u>

၁၀။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ-

- လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၁၉ . ၈ %၊
- စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉ . ၃ %၊
- ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀ . ၉ % အသီးသီးဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

<u>ငွေကြေးဖောင်းပွမှုနှုန်း</u>

၁၁။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ အခြေခံနှစ် ၂၀၁၂ အရ ၇ . ၉၂ % ဖြစ်ပါတယ်။

<u>ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပိုငွေ/လိုငွေ</u>

၁၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အရ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင်-

- ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆. ၂၀၀ ဘီလီယံ၊
- ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ . ၅၀၀ ဘီလီယံ၊
- ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ . ၇၀၀ ဘီလီယံနှင့်
- ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂ . ၃ ဘီလီယံ ဖြစ်ပါတယ်။

<u>ငွေကြေး၊ ဘဏ္ဍာစနစ်နှင့် အရင်းအနှီးဈေးကွက်</u>

၁၃။ နာယကကြီးခင်ဗျား၊ ငွေကြေး၊ ဘဏ္ဍာစနစ်နှင့် အရင်းအနှီးဈေးကွက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်အတွက် သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက် သတ်မှတ်ထားရှိသော ငွေကြေးမူဝါဒမူဘောင်အား ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းမူဘောင်တွင် လုပ်ငန်းရည်မှန်းချက်နှင့် ကြားခံရည်မှန်းချက်တို့ ပါဝင်ပြီး လုပ်ငန်းရည်မှန်းချက်အဖြစ် သီးသန့်ငွေကြေးပမာဏအား ထားရှိ၍ ကြားခံရည်မှန်းချက်အဖြစ် စုစုပေါင်းငွေကြေးပမာဏအား ထားရှိဆောင်ရွက်လျက် ရှိပါတယ်။

၁၄။ သီးသန့်ငွေကြေးပမာဏကို ပြောင်းလဲစေသော အဓိကအချက်များဖြစ်သည့်-

- လှည့်လည်သုံးစွဲငွေ၊
- အသားတင်နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များ၊
- အစိုးရသို့ ချေးငွေ၊
- စီးပွားရေးကဏ္ဍသို့ ချေးငွေပြောင်းလဲမှုများအရ အမှန်ဖြစ်ပေါ်လာမည့် ငွေကြေးပမာဏကို ခန့်မှန်းပါတယ်။

၁၅။ အဆိုပါခန့်မှန်းချက်ကို ရည်မှန်းချက်ထားရှိသည့် သီးသန့်ငွေကြေးပမာဏနှင့် နှိုင်းယှဉ်ချိန်ထိုး၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်-

- စီးပွားရေးစနစ်သို့ ငွေကြေးထည့်သွင်းရန်လိုပါက ချေးငွေလေလံ (Credit Auction) ခေါ်ယူခြင်းနှင့်
- စီးပွားရေးစနစ်မှ ပိုလျှံငွေကြေးများအား နှုတ်သိမ်းရန်လိုပါက အပ်ငွေလေလံ (Deposit Auction) ခေါ်ယူခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။

၁၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် မူလက သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၉ % နှင့် စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်း ၂၀ % ရည်မှန်းထားရှိခဲ့သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း မျှော်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်များအပေါ်တွင်အခြေခံ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည်

သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၁၆ % နှင့် စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၁၅ % အသီးသီးရရှိစေရန် ပြောင်းလဲရည်မှန်းထားပါတယ်။

၁၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်၊ စီးပွားရေးအရှိန်မြှင့်တင်နိုင်ရန်နှင့် ဘဏ်များ၏ယှဉ်ပြိုင်နိုင်မှုကို ဖန်တီးပေးခြင်းဖြင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းကို ၇% သို့ လျှော့ချသတ်မှတ်ပေးခဲ့ပြီး ဘဏ်နှင့် ၎င်း၏ဆက်သွယ်သူများ အပ်နှံငွေအပေါ် ဘဏ်ကပေးရမည့် အနိမ့်ဆုံးအတိုးနှုန်းကို ၅%၊ ချေးငွေအပေါ် ဘဏ်ကတောင်းခံနိုင်သည့် အမြင့်ဆုံး အတိုးနှုန်းကို အာမခံဖြင့်ချေးငွေများအတွက် ၁၀% နှင့် အာမခံမဲ့ချေးငွေများအတွက် ၁၄.၅% သတ်မှတ်ထားရှိပါတယ်။

၁၈။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် လိုငွေနှင့် ဂျီဒီပီအချိုးအပေါ်မူတည်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရအပ်ငွေစာရင်းလိုငွေအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းမှုကို လိုငွေ၏ ၂၀ % ထားရှိသတ်မှတ်၍ ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၁၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးပမာဏကို အကျိုးသက်ရောက်စေသည့် အခြားအချက်များဖြစ်သော အသားတင်နိုင်ငံခြားသုံးငွေရရန်ပိုင်ခွင့်များနှင့် ပြည်တွင်းချေးငွေတိုးတက်မှုများကို ထည့်သွင်းစဉ်းစား၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်ကို သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၁၃ % နှင့် စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုနှုန်း ၁၅ % ထားရှိဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်မှစ၍ ထိန်းချုပ်မှုရှိသောနှုန်းရှင် ငွေလဲလှယ်နှုန်းစနစ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရည်ညွှန်းနိုင်ငံခြားငွေ လဲလှယ်နှုန်းသတ်မှတ်ခြင်းကို နိုင်ငံခြားငွေဈေးပြိုင်လေလံအပေါ် အခြေခံ၍ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ (၂၄) ရက်နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းနိုင်ငံခြား ငွေလဲလှယ်နှုန်းမှာ ၁,၃၉၁ . ၄ ကျပ်ဖြစ်ပြီး ဈေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၁,၃၉၁ ကျပ် ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် COVID-19 ကပ်ရောဂါကြောင့် နိုင်ငံတွင်းအမေရိကန်ဒေါ်လာလိုအပ်ချက် နည်းပါးလာပြီး ဒေါ်လာငွေတန်ဖိုး

ကျဆင်း၍ ကျပ်ငွေတန်ဖိုး မြင့်တက်လျက်ရှိသော်လည်း ဘဏ်အတိုးနှုန်းများ လျှော့ချခြင်း၊ အစိုးရဘတ်ဂျက်လိုငွေ မြင့်မားနိုင်ခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်း စသည့်အချက်များကြောင့် ကျပ်ငွေတန်ဖိုးကို ကျဆင်းစေပြီး ငွေလဲလှယ်နှုန်းပြန်လည် မြင့်တက်လာနိုင်သည့် အနေအထား ရှိကြောင်းခန့်မှန်းရပါတယ်။ သို့ဖြစ်ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြရာတွင် ဌာန၊ အဖွဲ့အစည်းများသို့ နိုင်ငံခြားငွေလဲလှယ်နှုန်း အမေရိကန် ၁ ဒေါ်လာလျှင် ၁,၅၂၀ ကျပ်ဖြင့် လျာထားရန် သတ်မှတ်ပေးခဲ့ပါတယ်။

၂၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းမူဘောင်အား ဆုံးရှုံးနိုင်ခြေအခြေပြုစနစ် (Risk-based Supervision) သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပြီး၊ ဘဏ်များအားကောင်းခိုင်မာစေရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သော ဥပဒေ၊ စည်းမျဉ်းများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

**နာယကကြီးခင်ဗျား**

၂၂။ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့(ခ်)အိပ်ချိန်းကို ၉-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ စာရင်းဝင်ကုမ္ပဏီ ၆ ခုတို့၏ အစုရှယ်ယာများကို နေ့စဉ် ရောင်းဝယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စတော့(ခ်)ဈေးကွက်နှင့် ငွေချေးစာချုပ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပကျွမ်းကျင်သူများ အကူအညီရယူပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စတော့(ခ်)ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများ တိုးပွားလာစေရန်နှင့် ငွေကြေးအရင်းအနှီးများ လွယ်ကူစွာ စီးဝင်လာနိုင်ရန်အတွက် ရန်ကုန်စတော့(ခ်)အိပ်ချိန်း၌ အရောင်းအဝယ်ဆောင်ရွက်မှု အကြိမ်တိုးမြှင့်ခြင်း၊ ရှယ်ယာများနေ့စဉ် အရောင်းအဝယ်ပြုလုပ်ရာတွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုခြင်း၊ အများပိုင်ကုမ္ပဏီများကို အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

## ပြည်ထောင်စု၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ

၂၃။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး လွန်ခဲ့သည့် ၂ နှစ်ဖြစ်သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေကို အကျဉ်းချုပ် အစီရင်ခံတင်ပြပါမယ်-

<u>၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်</u>

<u>ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေ</u>

(ကျပ်ဘီလီယံ)

| | မူလခန့်မှန်းခြေ | ပြုပြင်ပြီးခန့်မှန်းခြေ | ရှေ့ပြေးအမှန် |
|---|---|---|---|
| ရငွေ | ၁၉,၉၄၆ | ၂၁,၈၆၇ | ၂၁,၅၄၄ |
| သုံးငွေ | ၂၄,၇၂၄ | ၂၇,၁၆၀ | ၂၄,၇၄၅ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၄,၇၇၈ | (-) ၅,၂၉၃ | (-) ၃,၂၀၁ |
| ဂျီဒီပီတန်ဖိုး | ၁၀၆,၀၉၆ | ၁၀၅,၇၂၆ | ၁၀၅,၂၅၈ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၄ . ၅၀% | ၅ . ၀၁% | ၃ . ၀၄% |

<u>၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်</u>

<u>ပြည်ထောင်စု၏ ဘဏ္ဍာရေးအခြေအနေ</u>

(ကျပ်ဘီလီယံ)

| | မူလခန့်မှန်းခြေ | ပြုပြင်ပြီးခန့်မှန်းခြေ |
|---|---|---|
| ရငွေ | ၂၅,၂၀၀ | ၂၇,၂၂၃ |
| သုံးငွေ | ၃၁,၉၁၉ | ၃၃,၇၁၉ |
| ပိုငွေ(+)/ လိုငွေ(-) | (-) ၆,၇၁၉ | (-) ၆,၄၉၆ |
| ဂျီဒီပီတန်ဖိုး | ၁၁၉,၀၂၃ | ၁၁၈,၉၃၅ |
| လိုငွေနှင့်ဂျီဒီပီအချိုး | ၅ . ၆၅% | ၅ . ၄၆% |

၂၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းအရ လိုငွေနှင့် ဂျီဒီပီ အချိုးမှာ ၃.၀၄% ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းအရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၅ . ၄၆% ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

## ဘဏ္ဍာရေးမူဝါဒ

### နာယကကြီးခင်ဗျား

၂၅။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးမူဝါဒ၏ အဓိကမူဝါဒများ ဖြစ်သော အခွန်မူဝါဒနှင့် အသုံးစရိတ်မူဝါဒတို့ကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

**(က) အခွန်မူဝါဒ**

(၁) အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန်၊

(၂) ရသင့်ရထိုက်သည့် အခွန်အကောက်များကို ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိရေး ICT နည်းပညာများ တိုးချဲ့အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) အခွန်ရုံးက စည်းကြပ်သည့်စနစ် (Official Assessment System – OAS) မှ အခွန်ထမ်းကိုယ်တိုင် အခွန်ကျသင့်မှုကို စည်းကြပ်ခံယူသည့်စနစ် (Self-Assessment System – SAS) သို့ ကူးပြောင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရန်၊

(၄) ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသောအခွန်စနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(၅) အမျိုးသားအကျိုးစီးပွား ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၆) တစ်မျိုးသားလုံး၏ ကျန်းမာရေး၊ ကြံ့ခိုင်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

(၇) သဘာဝပတ်ဝန်းကျင်နှင့် တွင်းထွက်သယံဇာတများ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းကျောင်းပေးရန်၊

(၈) COVID-19 ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေးပြန်လည်ထူထောင်မှုအစီအစဉ်တို့နှင့်အညီ အခွန်အကောက်ရငွေများကို ရည်မှန်းထားသည့်အတိုင်း ကောက်ခံဆောင်ရွက်ရန်။

(ခ) **အသုံးစရိတ်မူဝါဒ**

(၁) ပြည်သူလူထုအတွက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက်မြှင့်တင် သုံးစွဲရန်၊

(၂) အလုပ်အကိုင်အခွင့်အလမ်း မြင့်မားပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေမည့် အသုံးစရိတ်များကို ဦးစားပေးရန်၊

(၃) လျှပ်စစ်မီး၊ လမ်းတံတား၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တိုးမြှင့်သုံးစွဲရန်၊

(၄) ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနှင့်အညီ ပြည်ပချေးယူရငွေများ ရယူသုံးစွဲရာတွင် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို သေချာစွာ စိစစ်ပြီးမှသာ ရယူသုံးစွဲရန်နှင့် ပြည်ပအကူအညီရငွေများကို သုံးစွဲရာတွင် ပြည်သူအတွက် အမှန်တကယ် အကျိုးရှိ ထိရောက်သော အသုံးစရိတ် ဖြစ်စေရန်၊

(၅) ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျ စိစစ်ခွင့်ပြုရန်၊

(၆) ဌာနသုံးမော်တော်ယာဉ်များထက် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ ဦးစားပေးဝယ်ယူရန်၊

(၇) ရုံးဌာနများ၊ ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းများထက် ပြည်သူတိုက်ရိုက်အကျိုးပြုလုပ်ငန်းများသို့ ဦးစားပေးသုံးစွဲရန်၊

(၈) COVID-19 ကာလ၊ COVID-19 အလွန်ကာလတို့တွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးကုစားမှုအစီအစဉ်၊ စီးပွားရေးပြန်လည်ထူထောင်မှုအစီအစဉ်တို့နှင့်အညီ ဦးစားပေး အသုံးစရိတ်များ သုံးစွဲရန်။

<u>ဦးစားပေးကဏ္ဍများ</u>

၂၆။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်ခွဲဝေချထားမှုကို နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများအနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လမ်း၊ တံတားကဏ္ဍများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးလျာထားခဲ့ပါတယ်။

<u>အဆင့်ဆင့်စိစစ်ခြင်း</u>

၂၇။ နာယကကြီးခင်ဗျား၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများမှ တင်ပြလာသော အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်သည့် လုပ်ငန်းစဉ်မှာ-

- ငွေလုံးငွေရင်းအသုံးစရိတ်များကို ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့က စိစစ်ခြင်း၊
- သာမန်အသုံးစရိတ်များကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ စိစစ်ခြင်း၊
- ဆက်လက်၍ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ စိစစ်ခြင်း၊
- ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအတွက် ဒုတိယသမ္မတ(၁)က စိစစ်ခြင်း၊
- တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအတွက် ဒုတိယသမ္မတ(၂)က စိစစ်ခြင်း၊
- စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း၊
- ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခြင်း၊
- ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းတို့ဖြစ်ပါတယ်။
- ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြခြင်း ဖြစ်ပါတယ်။

၂၈။ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသော အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာတွင် ဌာနသုံးမော်တော်ယာဉ်များထက် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ ဦးစားပေးဝယ်ယူရန်၊ ရုံးဌာနများ၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ မွမ်းမံခြင်းများထက် ပြည်သူတိုက်ရိုက်အကျိုးပြုလုပ်ငန်းများသို့ ဦးစားပေးသုံးစွဲရန်တို့ကိုလည်း ထည့်သွင်း စိစစ်ခဲ့ပါတယ်။

## နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား

၂၉။ ယခုနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် ယခင်နှစ်များကဲ့သို့ နှစ်လတ် ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ကို အခြေခံ၍ ရေးဆွဲထားပါတယ်။ COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ စီးပွားရေးကို ထိခိုက်မှုရှိပြီး ပုံမှန်ရနေသည့် အခွန်အခများ လျော့နည်းနိုင်ခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် သဘာဝဓါတ်ငွေ့ရောင်းရငွေများ လျော့နည်းနိုင်ခြင်းစသည်တို့ကြောင့် အစိုးရရဲ့ ရငွေများ လျော့နည်းနိုင်သည့် အခြေအနေနှင့် တစ်ဖက်မှာလည်း အသုံးစရိတ်များကို အစိုးရက ဦးဆောင်သုံးစွဲပေးမှသာ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်မှုအပေါ် ထိခိုက်မှုကို ကာကွယ်ထိန်းချုပ်နိုင်မည့် အခြေအနေတို့ကို တွက်ဆ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ယခုနှစ်တွင်လည်း ယခင်နှစ်နည်းတူ လိုငွေနှင့်ဂျီဒီပီအချိုးကို ၅% ထက် ကျော်လွန်ရေးဆွဲတင်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။

<u>၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် စတင်ထည့်သွင်း လျာထားသည့် လုပ်ငန်းများ</u>

၃၀။ နာယကကြီးခင်ဗျား၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နောင်ရေးအတွက် စိတ်အေးရစေရန်နှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ပင်စင်လစာနှင့် ဆုကြေးအသုံးစရိတ်များ ကျခံသုံးစွဲမှု အခြေအနေကို ရေရှည်တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအတွက် နိုင်ငံတော်က စတင်မတည်ငွေ ကျပ် ၁၀၀ ဘီလီယံကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် လျာထားခဲ့ပါတယ်။

၃၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေအတွက် နိုင်ငံတော်မှမတည်ငွေ ကျပ် ၃ ဘီလီယံ ကိုလည်း လျာထားပါတယ်။

<u>တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးခြင်း</u>

၃၂။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လိုငွေကို ဖြည့်ဆည်းပေးနိုင်ရန် ယခင်နှစ်များကဲ့သို့ ညွှန်ကိန်း(၆)ခုဖြင့် တိုင်းတာတွက်ချက်ထောက်ပံ့ပေးမည်ဖြစ်ရာ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ပေးမည့် ငွေမှာ ကျပ် ၂,၃၈၁ ဘီလီယံ ဖြစ်ပါတယ်။

## နှစ်လတ်ဘဏ္ဍာရေးမူဘောင်

၃၃။ နာယကကြီးခင်ဗျား၊ ဆက်လက်ပြီး လာမည့် (၃) နှစ်စာအတွက် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို တင်ပြပါမယ်။ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ နှစ်လတ်ဘဏ္ဍာရေးလျာထားချက်မှာ တင်ပြပါအတိုင်း ခန့်မှန်းထားပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ရှေ့ပြေးအမှန်) | ၂၀၁၉-၂၀၂၀ (မူလခန့်မှန်းခြေ) | ၂၀၂၀-၂၀၂၁ (လျာထားချက်) | ၂၀၂၁-၂၀၂၂ (မျှော်မှန်း) | ၂၀၂၂-၂၀၂၃ (မျှော်မှန်း) |
|---|---|---|---|---|---|
| ရငွေ | ၂၁,၅၄၄ | ၂၅,၂၀၀ | ၂၇,၈၅၂ | ၂၇,၉၀၀ | ၂၇,၉၀၀ |
| သုံးငွေ | ၂၄,၇၄၅ | ၃၁,၉၁၉ | ၃၄,၆၅၂ | ၃၄,၇၀၀ | ၃၄,၇၆၀ |
| ပိုငွေ(+)/လိုငွေ (-) | (-) ၃,၂၀၁ | (-) ၆,၇၁၉ | (-) ၆,၈၀၀ | (-) ၆,၈၀၀ | (-) ၆,၈၆၀ |
| လိုငွေဖြည့်ဆည်းခြင်း | ၂,၉၅၆ | ၅,၂၄၄ | ၅,၄၄၀ | ၅,၄၄၀ | ၅,၆၂၅ |
| ငွေတိုက်စာချုပ် | ၁,၇၄၄ | ၂,၆၂၂ | ၃,၄၀၀ | ၃,၄၀၀ | ၃,၅၆၇ |
| ငွေတိုက်လက်မှတ် | ၁,၂၁၂ | ၂,၆၂၂ | ၂,၀၄၀ | ၂,၀၄၀ | ၂,၀၅၈ |
| ကြွေးမြီလျာထားချက် (ပြည်ပချေးယူရငွေ) | ၁,၁၃၈ | ၂,၄၄၅ | ၄,၀၃၃ | ၂,၈၇၅ | ၂,၄၅၂ |
| တိုင်းဒေသကြီး/ပြည်နယ်များသို့လိုငွေဖြည့်ဆည်းခြင်း | ၁,၈၇၃ | ၂,၁၁၄ | ၂,၃၈၁ | | |

## ၂၀၂၀-၂၀၂၁ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

၃၄။ နာယကကြီးခင်ဗျား၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | သာမန် | ငွေလုံးငွေရင်း | ကြွေးမြီ | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|---|
| (က) | ရငွေ | ၂၂,၅၁၂ | ၉၀၆ | ၄,၄၃၄ | ၂၇,၈၅၂ | ၂၂.၁၄% |
| (ခ) | သုံးငွေ | *၂၅,၅၈၃ | ၇,၈၈၉ | ၁,၁၈၀ | *၃၄,၆၅၂ | ၂၇.၅၄% |
| (ဂ) | **ပိုငွေ(+) /လိုငွေ(-)** | **(-) ၃,၀၇၁** | **(-) ၆,၉၈၃** | **(+) ၃,၂၅၄** | **(-) ၆,၈၀၀** | |
| **(ဃ)** | **ဂျီဒီပီတန်ဖိုး** | | | | **၁၂၅,၈၀၃** | |
| (င) | **လိုငွေနှင့်ဂျီဒီပီအချိုး** | | | | **၅.၄၁%** | |

(* တိုင်းဒေသကြီး/ ပြည်နယ်များ၏လိုငွေကျပ် ၂,၃၈၁ ဘီလီယံကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပါသည်။)

**၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း**

၃၅။ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းချုပ်မှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | စုစုပေါင်း |
|---|---|---|
| (က) | စုစုပေါင်းရငွေ | ၁,၄၃၈ |
| (ခ) | စုစုပေါင်းသုံးငွေ | ၃,၈၁၉ |
| **(ဂ)** | **ပိုငွေ(+) /လိုငွေ(-)** | *** (-)၂,၃၈၁** |

(*လိုငွေကို ပြည်ထောင်စုမှ ဖြည့်ဆည်းပေးပါသည်။)

**၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးအခြေအနေ**

၃၆။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေများအရ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်တစ်ရပ်လုံး၏ အရအသုံးခန့်မှန်းခြေမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| | အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|---|
| (က) | **ရငွေများ** | **၂၇,၈၅၂** | **၃,၈၁၉** | **၃၁,၆၇၁** | **၂၅ . ၁၈%** |
| | (၁) သာမန် | ၂၂,၅၁၂ | ၃,၃၆၀ | ၂၅,၈၇၂ | |
| | (၂) ငွေလုံးငွေရင်း | ၉၀၆ | ၄၈ | ၉၅၄ | |
| | (၃) ကြွေးမြီ | ၄,၄၃၄ | ၄၁၁ | ၄,၈၄၅ | |
| **(ခ)** | **သုံးငွေများ** | **၃၄,၆၅၂** | **၃,၈၁၉** | **၃၈,၄၇၁** | **၃၀. ၅၈%** |
| | (၁) သာမန် | ၂၅,၅၈၃ | ၁,၀၆၂ | ၂၆,၆၄၅ | |
| | (၂) ငွေလုံးငွေရင်း | ၇,၈၈၉ | ၂,၇၅၇ | ၁၀,၆၄၆ | |
| | (၃) ကြွေးမြီ | ၁,၁၈၀ | | ၁,၁၈၀ | |

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ပြည်ထောင်စု | တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း | ဂျီဒီပီ၏ % |
|---|---|---|---|---|
| (ဂ) ပိုငွေ(+)/လိုငွေ(-) | (-) ၆,၈၀၀ | | (-) ၆,၈၀၀ | |
| (ဃ) ဂျီဒီပီတန်ဖိုး | ၁၂၅,၈၀၃ | | ၁၂၅,၈၀၃ | |
| (င) လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၄၁% | | ၅.၄၁% | |

အရေးပေါ်ရန်ပုံငွေ

၃၇။ နာယကကြီးခင်ဗျား၊ အရေးပေါ်ရန်ပုံငွေနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် COVID-19 Economic Relief Plan (CERP) ၏ ပန်းတိုင် ၇ တွင် ဖော်ပြထားသည့်အတိုင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတွင် နိုင်ငံတစ်ဝန်းလုံးအတွက် လျာထားသည့် အရေးပေါ်ရန်ပုံငွေကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ယခင်နှစ်က ကျပ် ၅၀ ဘီလီယံ လျာထားသည့်အစား ကျပ် ၁၀၀ ဘီလီယံသို့ တိုးမြှင့်လျာထားပါတယ်။ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကျပ် ၃၆ ဘီလီယံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျပ် ၁၄ ဘီလီယံ တို့ကိုမူ ယခင်နှစ်အတိုင်း ခွဲဝေလျာထားပါကြောင်း တင်ပြအပ်ပါတယ်။ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရေးပေါ်ရန်ပုံငွေမှာ စုစုပေါင်းကျပ် ၁၅၀ ဘီလီယံဖြစ်ပါတယ်။

အခွန်ဝေစု

၃၈။ ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် အခွန်ဝေစုနှင့် ပတ်သက်၍ နိုင်ငံပိုင်ကဏ္ဍက ကောက်ခံရရှိသည့် အခွန်အရပ်ရပ်မှ ကျပ် ၅၇ . ၀၂၁ ဘီလီယံကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ ညွှန်ကိန်းများဖြင့် တွက်ချက်ခွဲဝေပေးခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍနှင့် သမဝါယမကဏ္ဍတို့မှ (သွင်းကုန်များအပေါ် ကောက်ခံရရှိသည့် ငွေများမပါ) ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ တစ်ဦးချင်း ဝင်ငွေခွန်၏ ၅%နှင့် တံဆိပ်ခေါင်းခွန်၏ ၂% တို့ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အပေါ် မူတည်၍ ခွဲဝေပေးခဲ့ပါတယ်။ စုစုပေါင်း ခွဲဝေပေးထားသည့် အခွန်ဝေစု ပမာဏမှာ ကျပ် ၃၆၉.၂၆၀ ဘီလီယံ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ

၃၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေလျာထားမှုမှာ ယခင်နှစ်အတိုင်း ကျပ် ၃၁ . ၇၀၀ ဘီလီယံ ဖြစ်ပါတယ်။

**ကိန်းဂဏန်းကိုအခြေခံရေးဆွဲသောနည်းလမ်း (Accounting Method) နှင့် ဆန်းစစ်ချက်နည်းကို အခြေခံရေးဆွဲသော နည်းလမ်း(Analytical Method- Aggregated) နှိုင်းယှဉ်ချက်**

၄၀။ နာယကကြီးခင်ဗျား၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ လေ့လာနိုင်ရန် ကိန်းဂဏန်း အခြေခံနည်း (Accounting Method)နှင့် ဆန်းစစ်ချက်နည်း(Analytical Method-Aggregated) တို့ကို နှိုင်းယှဉ် တင်ပြပေးထားပါတယ်-

(ကျပ်ဘီလီယံ)

| Accounting Method ဖြင့်ရေးဆွဲခြင်း | | Analytical Method-Aggregated ဖြင့် ရေးဆွဲခြင်း | |
|---|---|---|---|
| **စုစုပေါင်းရငွေ** | ၂၇,၈၅၂ | **စုစုပေါင်းရငွေ** | ၂၃,၄၆၂ |
| သာမန်ရငွေ(Grant အပါအဝင်) | ၂၂,၅၁၂ | သာမန်ရငွေ(Grant နှင့် အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေအပါအဝင်) | ၂၂,၅၅၆ |
| ငွေလုံးငွေရင်းရငွေ(Grantအပါအဝင်) | ၉၀၆ | ငွေလုံးငွေရင်းရငွေ(Grant အပါအဝင်) | ၉၀၆ |
| ချေးမြီရငွေ(Loan အပါအဝင်) | ၄,၄၃၄ | | |
| **စုစုပေါင်းအသုံးစရိတ်** | **၃၄,၆၅၂** | **စုစုပေါင်းအသုံးစရိတ်** | **၃၃,၄၇၂** |
| သာမန်အသုံးစရိတ် | ၂၅,၅၈၃ | သာမန်အသုံးစရိတ် | ၂၅,၅၈၃ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၇,၈၈၉ | ငွေလုံးငွေရင်းအသုံးစရိတ် | ၇,၈၈၉ |
| ချေးမြီအသုံးစရိတ်(အရင်းပေးဆပ်ငွေအပါအဝင်) | ၁,၁၈၀ | | |
| **လိုငွေ** | **၆,၈၀၀** | **လိုငွေ** | **၁၀,၀၁၀** |
| **ဂျီဒီပီတန်ဖိုး** | **၁၂၅,၈၀၃** | **ဂျီဒီပီတန်ဖိုး** | **၁၂၅,၈၀၃** |
| **လိုငွေနှင့်ဂျီဒီပီအချိုး** | **၅ . ၄၁%** | **လိုငွေနှင့်ဂျီဒီပီအချိုး** | **၇ . ၉၆%** |

၄၁။ Accounting Method အရ လိုငွေနှင့်ဂျီဒီပီအချိုး ၅ . ၄၁% ဖြစ်ပြီး Analytical Method အရ လိုငွေနှင့်ဂျီဒီပီအချိုး ၇ . ၉၆% ဖြစ်ပါတယ်။

၄၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအဆင့် ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းသုံးငွေတွင် ဌာန၊ အဖွဲ့အစည်းများအလိုက် ပါဝင်သည့် အချိုးအစားများမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါတယ်-

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | ၁,၂၅၈.၅၅၈ | | ၁၄၉,၄၂၆.၀၆၄ | ၀.၄၃% |
| | ၁ | **နိုင်ငံတော်သမ္မတရုံး** | | | ၁၁,၀၄၃.၆၁၆ | ၀.၀၃% |
| | ၂ | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** | ၂၄.၀၆၀ | | ၁,၈၅၈.၁၈၃ | ၀.၀၁% |
| | ၃ | **ပြည်ထောင်စုလွှတ်တော်ရုံး** | ၃၅.၈၁၀ | | ၁,၄၇၇.၄၅၆ | |
| | ၄ | **ပြည်သူ့လွှတ်တော်ရုံး** | ၃.၆၇၀ | | ၁၀,၀၈၀.၁၄၇ | ၀.၀၃% |
| | ၅ | **အမျိုးသားလွှတ်တော်ရုံး** | ၀.၅၀၀ | | ၆,၂၁၆.၀၆၆ | ၀.၀၂% |
| | ၆ | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** | ၃၆၀.၀၆၀ | | ၄၅,၀၇၄.၃၁၀ | ၀.၁၃% |
| | ၇ | **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** | ၀.၀၆၀ | | ၁,၀၀၃.၁၁၀ | |
| | ၈ | **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး** | ၄၅၃.၅၅၀ | | ၅၃,၀၆၄.၇၁၀ | ၀.၁၅% |
| | ၉ | **ပြည်ထောင်စုရှေ့နေချုပ်ရုံး** | ၁၉.၀၆၀ | | ၃,၁၃၇.၅၀၅ | ၀.၀၁% |
| | ၁၀ | **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** | ၂၅၈.၁၀၅ | | ၅,၈၂၂.၂၅၅ | ၀.၀၂% |
| | ၁၁ | **ပြည်ထောင်စုရာထူးဝန်အဖွဲ့** | ၁၀၃.၆၈၃ | | ၁၀,၆၄၈.၇၀၆ | ၀.၀၃% |
| | | (၁) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၃၀၀ | | ၁,၂၆၁.၀၇၂ | |
| | | (၂) ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၅၀ | | ၆၂၁.၅၅၇ | |
| | | (၃) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၅၀.၀၃၀ | | ၁,၁၈၈.၁၃၅ | ၀.၀၁% |
| | | (၄) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၃၁.၀၀၀ | | ၃,၄၀၂.၄၁၂ | ၀.၀၁% |
| | | (၅) ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၂၂.၃၀၃ | | ၄,၁၇၅.၅၃၀ | ၀.၀၁% |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၂ | | **ဝန်ကြီးဌာနများ** | **၂၄,၂၈၆,၉၃၂.၀၀၄** | **၈၇.၂၀%** | **၃၁,၂၁၄,၂၈၈.၀၆၂** | **၉၀.၀၈%** |
| | ၁ | နိုင်ငံခြားရေး | ၁,၇၄၅.၆၇၂ | ၀.၀၁% | ၆၅,၈၅၄.၇၈၄ | ၀.၁၉% |
| | ၂ | သမ္မတရုံး | | | | |
| | ၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | ၂,၃၃၃.၆၀၈ | ၀.၀၁% |
| | ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၄,၁၈၂.၀၂၉ | ၀.၀၁% | ၈,၂၀၆.၄၇၆ | ၀.၀၂% |
| | ၅ | ပြည်ထဲရေး | ၃၄,၉၆၆.၃၃၉ | ၀.၁၂% | ၅၅၇,၂၆၁.၀၇၈ | ၁.၆၁% |
| | ၆ | ကာကွယ်ရေး | ၄၉,၆၅၄.၇၉၁ | ၀.၁၈% | ၃,၄၁၄,၁၅၈.၉၃၇ | ၉.၈၅% |
| | ၇ | နယ်စပ်ရေးရာ | ၄,၈၅၃.၆၂၃ | ၀.၀၂% | ၁၁၄,၇၇၀.၆၆၇ | ၀.၃၃% |
| | ၈ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှု | ၁၁,၉၀၅,၂၉၂.၁၄၂ | ၄၂.၇၄% | ၉,၆၃၆,၁၇၆.၇၀၁ | ၂၇.၈၁% |
| | ၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၅,၅၄၄.၆၃၆ | ၀.၀၂% | ၄,၆၄၃.၁၂၀ | ၀.၀၁% |
| | ၁၀ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | |
| | ၁၁ | ပြန်ကြားရေး | ၅၇,၉၅၇.၈၂၆ | ၀.၂၁% | ၈၂,၇၃၁.၃၉၂ | ၀.၂၄% |
| | ၁၂ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၃,၁၉၇.၂၈၂ | ၀.၀၅% | ၅၀,၈၆၃.၈၆၈ | ၀.၁၅% |
| | ၁၃ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၅၃၀,၀၈၇.၃၄၆ | ၁.၉၀% | ၁,၀၀၃,၂၆၂.၆၃၃ | ၂.၉၀% |
| | ၁၄ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂,၁၈၆,၇၈၂.၇၉၆ | ၇.၈၅% | ၁,၈၆၀,၀၅၉.၄၄၃ | ၅.၃၆% |
| | ၁၅ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၁၅,၁၂၅.၀၆၃ | ၁.၄၉% | ၄၂၅,၀၅၅.၈၄၀ | ၁.၂၃% |
| | ၁၆ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၂၄၄,၆၉၀.၄၃၁ | ၂၆.၀၁% | ၇,၈၇၇,၉၃၁.၀၉၀ | ၂၂.၇၃% |
| | ၁၇ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၉၅,၃၅၉.၄၈၃ | ၀.၃၄% | ၆၂,၃၆၅.၀၇၀ | ၀.၁၈% |
| | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၃၅,၁၉၂.၃၅၀ | ၀.၁၃% | ၂၉,၂၃၁.၂၆၅ | ၀.၀၈% |
| | ၁၉ | ပညာရေး | ၂၃၆,၁၇၂.၇၄၁ | ၀.၈၅% | ၂,၈၉၅,၅၄၈.၃၀၈ | ၈.၃၆% |
| | ၂၀ | ကျန်းမာရေးနှင့်အားကစား | ၃၃၃,၄၂၉.၃၀၅ | ၁.၂၀% | ၁,၄၃၁,၃၂၃.၄၀၂ | ၄.၁၃% |
| | ၂၁ | ဆောက်လုပ်ရေး | ၁,၀၅၁,၈၇၅.၁၃၉ | ၃.၇၈% | ၁,၅၁၆,၈၅၅.၄၇၈ | ၄.၃၈% |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၄၆,၇၆၅.၅၅၂ | ၀.၁၇% | ၁၆၁,၈၇၄.၉၇၈ | ၀.၄၇% |

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စုအဆင့်ဌာန၊အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေနှင့် စုစုပေါင်းအသုံးစရိတ်တွင် ပါဝင်မှုအချိုးအစား
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန / အဖွဲ့အစည်းအမည် | ရငွေ | | အသုံးစရိတ် | |
|---|---|---|---|---|---|---|
| | | | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း ရငွေပေါ် ပါဝင်မှု အချိုးအစား | ပြည်ပအကူအညီရငွေ/ ချေးယူရငွေအပါအဝင် | စုစုပေါင်း သုံးငွေပေါ် ပါဝင်မှု အချိုးအစား |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၃,၁၈၃.၁၃၇ | ၀.၁၂% | ၈,၆၁၆.၀၉၁ | ၀.၀၂% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၈၇၄.၃၂၁ | | ၅,၁၆၃.၈၃၃ | ၀.၀၂% |
| ၃ | | **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ** | **၁,၅၁၉.၆၇၈** | **၀.၀၁%** | **၁,၃၆၄.၀၅၈** | |
| ၄ | | **နေပြည်တော်ကောင်စီ** | **၁၁၆.၀၀၄** | | **၆၆,၁၅၄.၂၇၉** | **၀.၁၉%** |
| ၅ | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | **၈၆၇,၅၆၂.၁၄၆** | **၃.၁၁%** | **၆၁၀,၂၃၅.၁၁၂** | **၁.၇၆%** |
| ၆ | | **နေပြည်တော်စည်ပင်သာယာရေးကော်မတီ** | **၄၉,၁၄၄.၃၄၈** | **၀.၁၈%** | **၄၈,၂၂၈.၂၀၄** | **၀.၁၄%** |
| ၇ | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ** | **၂,၄၉၇,၃၆၉.၇၇၃** | **၈.၉၇%** | **၂,၄၉၃,၈၁၁.၇၁၂** | **၇.၂၀%** |
| | | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၉၉,၁၅၁.၀၂၈ | ၁.၀၈% | ၂၉၉,၉၁၉.၃၉၂ | ၀.၈၇% |
| | | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၁,၅၃၅,၂၁၇.၂၅၉ | ၅.၅၁% | ၁,၅၃၁,၃၅၀.၉၇၉ | ၄.၄၂% |
| | | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၆၆၃,၀၀၁.၄၈၆ | ၂.၃၈% | ၆၆၂,၅၄၁.၃၄၁ | ၁.၉၁% |
| ၈ | | **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ** | **၁၄၈,၀၀၀.၀၀၀** | **၀.၅၃%** | **၆၈,၈၈၅.၅၁၁** | **၀.၂၀%** |
| | | လူမှုဖူလုံရေးအဖွဲ့ | ၁၄၈,၀၀၀.၀၀၀ | ၀.၅၃% | ၆၈,၈၈၅.၅၁၁ | ၀.၂၀% |
| | | စုစုပေါင်း | ၂၇,၈၅၁,၉၀၂.၅၁၁ | ၁၀၀.၀၀% | ၃၄,၆၅၂,၃၉၃.၀၀၂ | ၁၀၀.၀၀% |

၂၀၁၈-၂၀၁၉ နှင့် ၂၀၂၀-၂၀၂၁ နှိုင်းယှဉ်ချက်

၄၃။ နာယကကြီးခင်ဗျား၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ရှေ့ပြေးအမှန်စာရင်း | ၂၀၂၀-၂၀၂၁ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၂၁,၅၄၄ | ၂၇,၈၅၂ | (+) ၆,၃၀၈ |
| စုစုပေါင်းအသုံးစရိတ် | ၂၄,၇၄၅ | ၃၄,၆၅၂ | (+) ၉,၉၀၇ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၃,၂၀၁ | (-) ၆,၈၀၀ | (+) ၃,၅၉၉ |
| ဂျီဒီပီတန်ဖိုး | ၁၀၅,၂၅၈ | ၁၂၅,၈၀၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၃ . ၀၄% | ၅ . ၄၁% | |

၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ နှိုင်းယှဉ်ချက်

၄၄။ နာယကကြီးခင်ဗျား၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း နှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| အကြောင်းအရာ | ၂၀၁၉-၂၀၂၀ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၂၀-၂၀၂၁ မူလခန့်မှန်းခြေ | တိုး(+)/ လျော့(-) |
|---|---|---|---|
| စုစုပေါင်းရငွေ | ၂၇,၂၂၃ | ၂၇,၈၅၂ | (+) ၆၂၉ |
| စုစုပေါင်းအသုံးစရိတ် | ၃၃,၇၁၉ | ၃၄,၆၅၂ | (+) ၉၃၃ |
| ပိုငွေ(+)/လိုငွေ(-) | (-) ၆,၄၉၆ | (-) ၆,၈၀၀ | (+) ၃၀၄ |
| ဂျီဒီပီတန်ဖိုး | ၁၁၈,၉၃၅ | ၁၂၅,၈၀၃ | |
| လိုငွေနှင့် ဂျီဒီပီအချိုး | ၅ . ၄၆% | ၅ . ၄၁% | |

အခွန်ရငွေ

၄၅။ အခွန်ရငွေတွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်လျာထားမှုကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ပြေးအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၂၅၅ . ၄၇၄ ဘီလီယံ ပိုမိုပြီး ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၁၄၀ . ၁၀၉ ဘီလီယံ ပိုမိုပါကြောင်း တင်ပြအပ်ပါတယ်-

## ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏အခွန်ရငွေစာရင်း
## (စာရင်းပေါင်းချုပ်)

(ကျပ်သန်းပေါင်း)

| ငွေစာရင်းခေါင်းစဉ်များ | ၂၀၁၈-၂၀၁၉ ရှေ့ပြေး အမှန်စာရင်း | ၂၀၁၉-၂၀၂၀ ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၂၀-၂၀၂၁ မူလ ခန့်မှန်းခြေ | ၂၀၁၈-၂၀၁၉ ရှေ့ပြေးအမှန် စာရင်းထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) | ၂၀၁၉-၂၀၂၀ ပြုပြင်ပြီးခန့်မှန်းခြေ စာရင်းထက် ပိုမိုရရှိမှု(+)/ လျော့နည်းရရှိမှု(-) |
|---|---|---|---|---|---|
| ၁။ ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၄,၁၁၄,၆၃၀.၅၅၆ | ၄,၃၃၇,၂၃၁.၇၈၃ | ၄,၄၀၉,၇၂၃.၀၄၇ | +၂၉၅,၀၉၂.၄၉၁ | +၇၂,၄၉၁.၂၆၄ |
| ၁-၂ ယစ်မျိုးခွန် | ၁,၃၂၂.၀၅၃ | ၁,၂၆၃.၅၁၉ | ၁,၂၈၉.၇၁၉ | -၃၂.၃၃၄ | +၂၆.၂၀၀ |
| ၁-၃ ကုန်သွယ်လုပ်ငန်းခွန် | ၂,၂၅၆,၇၇၀.၂၀၂ | ၂,၂၃၀,၈၆၀.၉၇၄ | ၂,၂၀၁,၉၅၄.၈၄၉ | -၅၄,၈၁၅.၃၅၃ | -၂၈,၉၀၆.၁၂၅ |
| ၁-၄ သွင်းကုန်အတွက်လိုင်စင်ကြေး၊ပါမစ်ကြေးများ | ၄,၅၁၂.၁၈၇ | ၆,၀၀၀.၀၀၀ | ၆,၀၀၀.၀၀၀ | +၁,၄၈၇.၈၁၃ | |
| ၁-၅ မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၁၄၄,၀၂၈.၀၂၅ | ၁၆၀,၀၀၀.၀၀၀ | ၁၆၄,၆၄၁.၀၀၈ | +၂၀,၆၁၂.၉၈၃ | +၄,၆၄၁.၀၀၈ |
| ၁-၆ မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊လုပ်ငန်း လိုင်စင်ဆိုင်ရာအခငွေများ | ၂၁၈,၃၆၂.၀၉၃ | ၁၇၆,၀၀၀.၀၀၀ | ၁၅၆,၀၀၀.၀၀၀ | -၆၂,၃၆၂.၀၉၃ | -၂၀,၀၀၀.၀၀၀ |
| ၁-၈ ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | ၅၉,၃၅၆.၂၅၆ | ၉၀,၀၇၁.၈၅၅ | ၈၅,၁၂၈.၇၃၅ | +၂၅,၇၇၂.၄၇၉ | -၄,၉၄၃.၁၂၀ |
| ၁-၉ မှတ်ကောင်ဝတ်ဆံသွင်းအခွန် | ၁၉၉.၆၁၂ | | | -၁၉၉.၆၁၂ | |
| ၁-၁၀ ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်/ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ညှော်လမ်း ညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၉၅၉.၃၈၁ | ၁,၁၁၉.၁၃၁ | ၆၂၂.၅၄၃ | -၃၃၆.၈၃၈ | -၄၉၆.၅၈၈ |
| ၁-၁၁ အထူးကုန်စည်ခွန် | ၁,၄၂၉,၁၂၀.၇၄၇ | ၁,၅၇၁,၉၁၆.၁၀၄ | ၁,၆၉၄,၂၁၀.၉၀၁ | +၂၆၅,၀၉၀.၁၅၄ | +၁၂၂,၂၉၄.၅၉၇ |
| ၁-၁၂ ရတနာခွန် | | ၁၀၀,၀၀၀.၀၀၀ | ၉၉,၈၇၅.၂၉၂ | +၉၉,၈၇၅.၂၉၂ | -၁၂၄.၇၀၈ |
| ၂။ ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက် | ၂,၆၉၂,၀၁၆.၈၆၉ | ၂,၇၄၇,၁၅၀.၈၆၇ | ၂,၇၅၄,၁၈၉.၂၁၅ | +၆၂,၁၇၂.၃၄၆ | +၇,၀၃၈.၃၄၈ |
| ၂-၁ ဝင်ငွေခွန် | ၂,၆၉၂,၀၁၆.၈၆၉ | ၂,၇၄၇,၁၅၀.၈၆၇ | ၂,၇၅၄,၁၈၉.၂၁၅ | +၆၂,၁၇၂.၃၄၆ | +၇,၀၃၈.၃၄၈ |
| ၃။ အကောက်ခွန် | ၄၆၃,၈၁၂.၈၂၈ | ၅၂၀,၀၀၀.၀၀၀ | ၅၂၀,၀၀၀.၀၀၀ | +၅၆,၁၈၇.၁၇၂ | |
| ၄။ နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | ၁,၀၈၉,၈၄၃.၃၁၅ | ၈၇၁,၂၈၅.၀၉၆ | ၉၃၁,၈၆၄.၉၆၇ | -၁၅၇,၉၇၈.၃၄၈ | +၆၀,၅၇၉.၈၇၁ |
| ၄-၁ မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | ၂၀.၆၇၃ | ၂၁.၈၄၅ | ၂၃.၅၁၆ | +၂.၈၄၃ | +၁.၆၇၁ |
| ၄-၂ ရေခွန် | ၇၂.၇၄၇ | ၇၇.၇၆၀ | ၁၀၄.၅၈၄ | +၃၁.၈၃၇ | +၂၆.၈၂၄ |
| ၄-၂ တာတမံခွန် | ၁.၃၇၂ | ၁.၁၁၇ | ၀.၉၃၅ | -၀.၄၃၇ | -၀.၁၈၂ |
| ၄-၃ သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန် | ၈,၂၇၁.၂၅၉ | ၈,၃၀၂.၆၃၃ | ၅,၉၈၈.၉၉၄ | -၂,၂၈၂.၂၆၅ | -၂,၃၁၃.၆၃၉ |
| ၄-၄ ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့် အခွန်(စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | ၇၃.၆၅၂ | ၇၆.၅၅၀ | ၇၆.၀၅၀ | +၂.၃၉၈ | -၀.၅၀၀ |
| ၄-၅ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | ၆,၂၆၉.၅၀၁ | ၃,၀၀၀.၀၀၀ | ၂,၆၄၉.၂၈၀ | -၃,၆၂၀.၂၂၁ | -၃၅၀.၇၂၀ |
| ၄-၈ ရေနံနှင့်သဘာဝဓါတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၄၉၇,၇၃၉.၄၇၃ | ၄၂၂,၈၁၇.၂၇၈ | ၃၃၄,၃၂၁.၁၁၆ | -၁၆၃,၄၁၈.၃၅၇ | -၈၈,၄၉၆.၁၆၂ |
| ၄-၉ ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | ၃၀,၇၄၄.၄၇၇ | ၅၀,၀၀၀.၀၀၀ | ၃၁,၃၆၂.၇၉၆ | +၆၁၈.၃၁၉ | -၁၈,၆၃၇.၂၀၄ |
| ၄-၁၀ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ၅၃၀,၃၆၇.၀၄၉ | ၃၇၄,၀၂၇.၃၂၅ | ၅၄၄,၂၅၁.၁၀၀ | +၁၃,၈၈၄.၀၅၁ | +၁၇၀,၂၂၃.၇၇၅ |
| ၄-၁၁ ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓါတ်အားထုတ်ယူသည့် အတွက်အခမဲ့ရရှိသည့် ဓာတ်အားခ | ၁၅,၃၇၉.၇၃၉ | ၁၁,၄၇၃.၁၁၁ | ၁၁,၉၀၅.၃၆၂ | -၃,၄၇၄.၃၇၇ | +၄၃၂.၂၅၁ |
| ၄-၁၂ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | ၉၀၃.၃၇၃ | ၁,၄၈၇.၄၇၇ | ၁,၁၈၁.၂၃၄ | +၂၇၇.၈၆၁ | -၃၀၆.၂၄၃ |
| ပေါင်း | ၈,၃၆၀,၃၀၃.၅၆၈ | ၈,၄၇၅,၆၆၇.၇၄၆ | ၈,၆၁၅,၇၇၇.၂၇၉ | +၂၅၅,၄၇၃.၆၆၁ | +၁၄၀,၁၀၉.၅၈၃ |

<u>နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ</u>

**နာယကကြီးခင်ဗျား**

၄၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၃၀-၉-၂၀၁၉ ရက်နေ့ရှိ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းအခြားစာရင်းရှင် Union Fund Other Account (UFA – OA)များ၏ လက်ကျန်စာရင်းများကို စာရင်းရှင်းလင်းပိတ်သိမ်းရန်နှင့် စာရင်းပြောင်းရွှေ့ညှိနှိုင်းရန်အတွက် လိုအပ်သော စာရင်းပြုနည်းလမ်းညွှန်ကြားချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပြီး၊ ယခုအခါ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ဆေးအတည်ပြုပြီးသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ (UFA–OA) လက်ကျန်စာရင်းများကို အဆိုပါ စာရင်းပြုနည်းလမ်းညွှန်ကြားချက်နှင့်အညီ ပိတ်သိမ်း၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း SEE–Account သို့ စာရင်းပြောင်းရွှေ့ညှိနှိုင်းပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၄၇။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း SEE–Account သို့ စာရင်းပြောင်းရွှေ့ညှိနှိုင်းပြီးသည့် (UFA – OA) လက်ကျန်စာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပါတယ်။

၄၈။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် ပတ်သက်၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ နိုင်ငံတော်သို့ထည့်ဝင်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀) အရ ၂၀% မှ ၂၅% သို့တိုးမြှင့်၍ ထည့်ဝင်စေခဲ့ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကုန်သွယ်မှု (အရှုံးအမြတ်) စာရင်းအရ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သို့ ထည့်ဝင်ရသော နိုင်ငံတော်သို့ထည့်ဝင်ငွေနှင့် နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့မှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း သာမန်အသုံးစရိတ်တွင် ၂၁.၁၈% ခန့် ပါဝင်ပြီး၊ ပြည်ထောင်စု၏ စုစုပေါင်း သာမန်အသုံးစရိတ် တွင် ၈.၈၈% ခန့်ပါဝင်ပါတယ်။

၄၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်မပါ) ၏ ဘဏ္ဍာရေးနှစ် အလိုက်သာမန်စာရင်း (ကုန်သွယ်မှု) အရအမြတ်/အရှုံးအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| စဉ် | ဘဏ္ဍာရေးနှစ် | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်ဆောင်ရွက်သော | | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အမြတ်ရရှိသည့်အဖွဲ့ | အရှုံးပေါ်သည့်အဖွဲ့ | ပေါင်း | အမြတ်ရရှိသည့်အဖွဲ့ | အရှုံးပေါ်သည့်အဖွဲ့ | ပေါင်း | |
| ၁။ | ၂၀၁၇-၂၀၁၈ (အမှန်) | ၁၅ | ၁၁ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၂။ | ၂၀၁၈ (၆)လ (အမှန်) | ၁၅ | ၁၁ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၃။ | ၂၀၁၈-၂၀၁၉ (ရှေ့ပြေးအမှန်) | ၁၅ | ၁၁ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၄။ | ၂၀၁၉-၂၀၂၀ (ပြုပြင်ပြီး) | ၁၇ | ၉ | ၂၆ | ၃ | ၂ | ၅ | ၃၁ |
| ၅။ | ၂၀၂၀-၂၀၂၁ (ခန့်မှန်းခြေ) | ၁၆ | ၉ | ၂၅ | ၄ | ၁ | ၅ | ၃၀ |

၅၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၀) ၏ အတည်ပြုချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့၍ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းပေါင်းမှာ (၃၀) ဖြစ်ပါတယ်။ ယင်းတို့မှာ-

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်သော အဖွဲ့အစည်း — ၂၅ ဖွဲ့

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော အဖွဲ့အစည်း — ၅ ဖွဲ့

ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ)တွင် အမြတ်ပေါ်ပေါက်သည့် အဖွဲ့အစည်းမှာ ၂၀ ခု ဖြစ်ပြီး အရှုံးဖြစ်ပေါ်သည့်အဖွဲ့အစည်းမှာ ၁၀ ခု ဖြစ်ပါတယ်။

၅၁။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မဟာဗျူဟာ ၂.၅ ပါ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း အချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ချက်နှင့် အမျိုးအစားများအပေါ်မူတည်၍ ဆောင်ရွက် ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာကွပ်ကဲမှုဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါတယ်။

၅၂။ ယင်းတို့ကို ကဏ္ဍအလိုက်ခွဲခြားတင်ပြရပါက ငွေရေးကြေးရေးကဏ္ဍတွင် အခွန်ထမ်း ပြည်သူများလွယ်ကူစွာ အခွန်ပေးဆောင်စေရေးအတွက် ပုဂ္ဂလိကဘဏ်များတွင် အခွန်ဌာန၏ ဘဏ်စာရင်းများ ဖွင့်လှစ်၍ နိုင်ငံပိုင်ဘဏ်ရှိ ပင်မအခွန်စာရင်းသို့ ပေးဆောင်စေခြင်း၊ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲဖွဲ့စည်းနိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

၅၃။ စက်မှုကဏ္ဍတွင် လတ်တလောရပ်ဆိုင်းထားသော စက်ရုံ၊ အလုပ်ရုံများနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြုပြင်ပြောင်းလဲရေး ဗဟိုအဖွဲ့အားဖွဲ့စည်း၍ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ အကျိုးတူပူးပေါင်းခြင်းများ ရွေးချယ်ဆောင်ရွက်နိုင်ရန် ပေါင်းစပ် ညှိနှိုင်းမှုများ ပြုလုပ်လျက် ရှိပါတယ်။

၅၄။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်းအဖြစ်ပြောင်းလဲဖွဲ့စည်းရန် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကို (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)ဖြင့် အတည်ပြုခဲ့ပြီး ကော်ပိုရေးရှင်း အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါတယ်။ ထို့ပြင် မြန်မာအမျိုးသား လေကြောင်းအားကော်ပိုရေးရှင်း အသွင်ကူးပြောင်း၍ နိုင်ငံတကာလေကြောင်းလိုင်းများဖြင့် ရင်ဘောင်တန်းပြီးစီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်ရန်နှင့် Strategic Investor ခေါ်ယူ နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀) အတည်ပြုချက်အရ

မြန်မာအမျိုးသားလေကြောင်းမှ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ လစဉ်ပင်စင် လစာနှင့် လုပ်သက်ဆုကြေးများအား နိုင်ငံတော်မှ ကျခံပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါတယ်။

၅၅။ သစ်တောကဏ္ဍတွင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်တောများထိန်းသိမ်းရန် အတွက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှေ့လာမည့်၁၀နှစ်အထိ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်ခြင်းမပြုသော်လည်း အခြားတစ်ဖက်တွင် နိုင်ငံတော်၏ ရငွေရရှိစေရန် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့တွင် သစ်တောဦးစီးဌာန၏ Annual Allowable Cut (AAC) ခွင့်ပြုချက်ဖြင့် ကျွန်းနှင့် သစ်မာများ ထုတ်လုပ်မှုကို ဆောင်ရွက်လျက် ရှိပါတယ်။

၅၆။ သတ္တုသယံဇာတကဏ္ဍတွင် ရွှေ/သတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းများအား ၂၀၁၈ ခုနှစ် မြန်မာ့သတ္တုတွင်းနည်းဥပဒေသစ်အရ အသေးစား လုပ်ကွက်မှ အကြီးစားနှင့်အလတ်စားလုပ်ကွက်အဖြစ် ကူးပြောင်းလုပ်ကိုင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေကို ရေးဆွဲလျက် ရှိပြီး အတည်ပြုပြဋ္ဌာန်းပြီးပါက အသေးစားနှင့်လက်လုပ်လက်စားလုပ်ကွက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ လုပ်ကိုင်ခွင့်ခွဲဝေပေးသွားမှာ ဖြစ်ပါတယ်။

၅၇။ လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ် ဓာတ်အားရရှိမှုမှာ တစ်နိုင်ငံလုံး၏ ၅၅% ရရှိနိုင်မည်ဟု ခန့်မှန်းထားပြီး၊ ယခင်နှစ်ထက် ဓာတ်အားရရှိမှု ၅% ပိုမိုတိုးတက်ရရှိရန် ခန့်မှန်းထားပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းအတွက် (ကော်ပိုရေးရှင်းလုပ်ငန်းများအပါအဝင်) စုစုပေါင်းအသားတင် လိုငွေမှာ ၂၉၁ ဘီလီယံခန့် ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းပါတယ်။

၅၈။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍအနေဖြင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရငွေများသည် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှု အကျိုးဆက်အဖြစ် ကမ္ဘာ့စီးပွားရေး ကျဆင်းမှု၊ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း လက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေသည့် ရတနာ၊ ရဲတံခွန်နှင့် ဇောတိက

ကမ်းလွန်စီမံကိန်းများမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချသည့် သဘာဝဓာတ်ငွေ့ခန့်မှန်းဈေးနှုန်းကို 1 MMBTU လျှင်အမေရိကန်ဒေါ်လာ ၆.၀၀ ဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ရွှေကမ်းလွန်စီမံကိန်းမှ သဘာဝဓာတ်ငွေ့ခန့်မှန်းဈေးနှုန်းကို 1 MMBTU လျှင် အမေရိကန်ဒေါ်လာ ၅.၂၀ ဖြင့် လည်းကောင်း၊ ရေနံစိမ်းစည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဖြင့် လည်းကောင်း ခန့်မှန်း တွက်ချက်ထားပါတယ်။

၅၉။ ကမ်းလွန်စီမံကိန်း(၄)ခုနှင့်ကုန်းတွင်းရေနံမြေများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (မူလခန့်မှန်းခြေ)နှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် (ခန့်မှန်းခြေ) တို့၏ ထုတ်လုပ်မှုပမာဏကို နှိုင်းယှဉ်ချက်အရ ရငွေလျော့နည်းရရှိမည်ဟု ခန့်မှန်းထားပါတယ်။

၆၀။ ရှေ့လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်မှုနှင့်ရငွေများ ကြိုတင်ခန့်မှန်းခြင်းကို ကမ္ဘာ့ဘဏ်နှင့် နော်ဝေနိုင်ငံ တို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အနေဖြင့် ကုန်းတွင်းရေနံမြေ၊ ကမ်းလွန်စီမံကိန်းနှင့် ပိုက်လိုင်းစီမံကိန်းများ၏ ထုတ်လုပ်မှုပမာဏနှင့် ရရှိမည့် ရငွေအခြေအနေ၊ ရေနံကုမ္ပဏီများထံမှရရှိနိုင်မည့် အခွန်ဝင်ငွေများကို ကြိုတင်ခန့်မှန်းနိုင်ရန် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ယခင်နှစ်ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ

၆၁။ နာယကကြီးခင်ဗျား၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ယခင်နှစ် ရှင်းလင်းတင်ပြချက် အပေါ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပါမယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပြီးမကြာမီ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် (Citizen's Budget) စာစောင်ကို ယခင်နှစ်ကထက် ပိုမိုပြည့်စုံပွင့်လင်းမြင်သာစွာ ထုတ်ဝေနိုင်ခဲ့ပါတယ်။ အလားတူ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

၆၂။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေးအတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာကိန်းဂဏန်းများကို Accounting Method နှင့် Analytical Method-Consolidated နည်းလမ်း (၂) မျိုးဖြင့် ပြုစု၍ ၂၀၁၈ ခုနှစ်မှစတင်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန Website တွင် ဖော်ပြလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းအထိ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးပါက Accounting Method နှင့် Analytical Method- Consolidated နည်းလမ်း (၂) မျိုးဖြင့် ပြုစု၍ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို အထောက်အကူပြုပေးနိုင်ရန် ဝန်ကြီးဌာန Website တွင် ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း

၆၃။ ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) ကို ရေးဆွဲထားပြီးဖြစ်ရာ (MSDP) ၏ ပန်းတိုင်အမှတ် ၂ မဟာဗျူဟာအမှတ် ၂.၄ သည် အရင်းအမြစ်များကို တည်ငြိမ်စွာနှင့် စွမ်းရည်ပြည့်ဝစွာ ခွဲဝေနိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုကို အားကောင်းခိုင်မာစေရေး ဖြစ်ပါတယ်။

၆၄။ အဆိုပါ MSDP ၏ မဟာဗျူဟာအမှတ် ၂.၄ နှင့်အညီ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ပြီး ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၏ အကူအညီရယူ၍ ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေ

၆၅။ ဝန်ကြီးဌာနအလိုက် ယခင်နှစ် ရည်မှန်းလျာထားချက်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို အောက်ပါဇယားများဖြင့် တင်ပြထားပါတယ်-

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ(၆)လ လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၆၆၄.၅၁၇ | ၆၆,၄၀၉.၆၃၆ | -၆၅,၇၄၅.၁၁၉ | ၈၃၁.၉၇၅ | ၄၃,၈၀၄.၃၉၆ | -၄၂,၉၇၂.၄၂၁ | ၁၂၅.၂၀% | ၆၅.၉၆% |
| ၂ | ဝန်ကြီးဌာန/ဦးစီးဌာနများ | ၅,၁၅၇,၆၈၂.၉၂၁ | ၈,၉၉၅,၆၅၇.၄၇၂ | -၃,၈၃၇,၉၇၄.၅၅၁ | ၅,၅၆၉,၆၈၁.၂၄၃ | ၆,၆၃၇,၅၅၆.၅၀၅ | -၁,၀၆၇,၈၇၅.၂၆၂ | ၁၀၇.၉၉% | ၇၃.၇၉% |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | ၆၅,၇၀၀.၀၀၀ | ၁၈,၄၂၇.၇၃၂ | +၄၇,၂၇၂.၂၆၈ | ၇၁,၉၁၅.၅၁၀ | ၁၆,၃၇၃.၈၉၇ | +၅၅,၅၄၁.၆၁၃ | ၁၀၉.၄၆% | ၈၈.၈၅% |
| ၄ | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၄,၂၃၆,၁၈၇.၁၆၆ | ၄,၅၈၈,၉၂၇.၈၆၄ | -၃၅၂,၇၄၀.၆၉၈ | ၃,၉၈၀,၃၈၅.၀၈၅ | ၃,၈၁၄,၉၈၃.၂၂၀ | +၁၆၅,၄၀၁.၈၆၅ | ၉၃.၉၆% | ၈၃.၁၃% |
| ၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၁,၀၉၇,၃၈၉.၆၅၁ | ၉၉၈,၄၇၉.၉၇၃ | +၉၈,၉၀၉.၆၇၈ | ၉၆၄,၃၉၀.၅၇၄ | ၈၉၂,၃၃၀.၀၈၅ | +၇၂,၀၆၀.၄၈၉ | ၈၇.၈၈% | ၈၉.၃၇% |
| ၆ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၇၆၂.၂၉၈ | ၆၇၉.၆၆၅ | +၈၂.၆၃၃ | ၁,၁၀၆.၄၆၃ | ၆၂၁.၁၄၉ | +၄၈၅.၁၁၄ | ၁၄၅.၁၅% | ၉၁.၃၉% |
| ၇ | နေပြည်တော်ကောင်စီ | ၅၆.၅၀၈ | ၆၁,၉၉၉.၀၇၉ | -၆၁,၉၄၂.၅၇၁ | ၁၆၀.၅၀၅ | ၄၃,၂၅၁.၅၃၇ | -၄၃,၀၉၁.၀၃၂ | ၂၈၄.၀၄% | ၆၉.၇၆% |
| ၈ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၅၄,၈၇၈.၄၃၅ | ၉၅,၉၇၀.၂၉၉ | +၂၅၈,၉၀၈.၁၃၆ | ၄၀၃,၆၈၄.၁၇၅ | ၆၀,၄၂၅.၉၆၄ | +၃၄၃,၂၅၈.၂၁၁ | ၁၁၃.၇၅% | ၆၂.၉၆% |
| ၉ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၈,၁၉၃.၉၉၈ | ၂၃,၃၁၆.၁၅၈ | +၄,၈၇၇.၈၄၀ | ၂၉,၉၅၈.၁၂၅ | ၁၈,၁၄၇.၂၆၄ | +၁၁,၈၁၀.၈၆၁ | ၁၀၆.၂၆% | ၇၇.၈၃% |
| | စုစုပေါင်း | ၁၀,၉၄၁,၅၁၅.၄၉၄ | ၁၄,၈၄၉,၈၆၇.၈၇၈ | -၃,၉၀၈,၃၅၂.၃၈၄ | ၁၁,၀၂၂,၁၁၃.၆၅၅ | ၁၁,၅၂၇,၄၉၄.၀၁၇ | -၅၀၅,၃၈၀.၃၆၂ | ၁၀၀.၇၄% | ၇၇.၆၃% |

### ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

### ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

### (စာရင်းချုပ်)

အဖွဲ့အစည်းအမည်- ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ(၆)လ လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာနိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာနိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၁၁,၉၄၁.၄၂၁ | -၁၁,၉၄၁.၄၂၁ | ၀.၁၉၈ | ၉,၉၆၄.၄၀၈ | -၉,၉၆၄.၂၁၀ | | ၈၃.၄၄% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂.၀၀၀ | ၉၉၅.၁၀၀ | -၉၈၃.၁၀၀ | ၁၀.၀၀၀ | ၈၂၂.၈၈၆ | -၈၁၂.၈၈၆ | ၈၃.၃၃% | ၈၂.၆၉% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁၈၅.၀၇၅ | ၈၄၉.၃၅၅ | -၆၆၄.၂၈၀ | ၈၁.၂၂၉ | ၇၆၀.၅၃၅ | -၆၇၉.၃၀၆ | ၄၃.၈၉% | ၈၉.၅၄% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၆၀ | ၄,၅၀၂.၃၆၈ | -၄,၅၀၁.၁၀၈ | ၃၁.၁၀၀ | ၄,၂၉၅.၉၅၃ | -၄,၂၆၄.၈၅၃ | ၂,၄၆၈.၂၅% | ၉၅.၄၂% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၂၅၀ | ၂,၅၅၀.၀၀၀ | -၂,၅၄၉.၇၅၀ | ၃၀.၄၇၂ | ၂,၆၃၇.၄၁၁ | -၂,၆၀၆.၉၃၉ | ၁၂,၁၈၈.၈၀% | ၁၀၃.၄၃% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၁၇၆.၆၇၅ | ၁၅,၁၀၆.၉၅၈ | -၁၄,၉၃၀.၂၈၃ | ၂၂၅.၆၆၂ | ၁၂,၄၄၂.၂၆၈ | -၁၂,၂၁၆.၆၀၆ | ၁၂၇.၇၃% | ၈၂.၃၆% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၄၈၄.၅၇၁ | -၄၈၄.၅၄၁ | ၂.၀၄၂ | ၄၄၆.၅၉၁ | -၄၄၄.၅၄၉ | ၆,၈၀၆.၆၇% | ၉၂.၁၆% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁.၇၅၀ | ၂၁,၀၃၆.၀၂၇ | -၂၁,၀၃၄.၂၇၇ | ၉၇.၉၈၈ | ၄,၆၆၇.၄၁၀ | -၄,၅၆၉.၄၂၂ | ၅,၅၉၉.၃၁% | ၂၂.၁၉% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၈.၃၀၀ | ၁,၉၈၄.၁၃၉ | -၁,၉၇၅.၈၃၉ | ၂၀.၃၀၃ | ၁,၄၀၂.၇၄၉ | -၁,၃၈၂.၄၄၆ | ၂၄၄.၆၁% | ၇၀.၇၀% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၇၁.၉၁၄ | ၁,၇၉၀.၃၂၄ | -၁,၆၁၈.၄၁၀ | ၂၂၅.၀၉၃ | ၁,၆၇၉.၈၂၂ | -၁,၄၅၄.၇၂၉ | ၁၃၀.၉၃% | ၉၃.၈၃% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၀၇.၂၆၃ | ၅,၁၆၉.၃၇၃ | -၅,၀၆၂.၁၁၀ | ၁၀၇.၈၈၈ | ၄,၆၈၄.၃၆၃ | -၄,၅၇၆.၄၇၅ | ၁၀၀.၅၈% | ၉၀.၆၂% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၀၄၇ | ၆၇၉.၄၆၅ | -၆၇၉.၄၁၈ | ၀.၀၇၂ | ၆၁၆.၅၃၀ | -၆၁၆.၄၅၈ | ၁၅၃.၁၉% | ၉၀.၇၄% |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၄၀ | ၃၀၈.၃၆၄ | -၃၀၈.၃၂၄ | ၀.၀၄၀ | ၃၁၁.၇၀၉ | -၃၁၁.၆၆၉ | ၁၀၀.၀၀% | ၁၀၁.၀၈% |
| | | ၃။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၇၆.၈၅၆ | ၆၄၁.၅၈၈ | -၅၆၄.၇၃၂ | ၇၁.၂၃၇ | ၆၄၉.၄၈၃ | -၅၇၈.၂၄၆ | ၉၂.၆၉% | ၁၀၁.၂၃% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ၁၇.၀၀၀ | ၁,၉၆၂.၂၀၉ | -၁,၉၄၅.၂၀၉ | ၂၃.၁၄၂ | ၁,၅၅၃.၉၈၄ | -၁,၅၃၀.၈၄၂ | ၁၃၆.၁၃% | ၇၉.၂၀% |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) | ၁၃.၃၂၀ | ၁,၅၇၇.၇၄၇ | -၁,၅၆၄.၄၂၇ | ၁၃.၃၉၇ | ၁,၅၅၂.၆၅၇ | -၁,၅၃၉.၂၆၀ | ၁၀၀.၅၈% | ၉၈.၄၁% |
| | | စုစုပေါင်း | ၆၆၄.၅၁၇ | ၆၆,၄၀၉.၆၃၆ | -၆၅,၇၄၅.၁၁၉ | ၈၃၁.၉၇၅ | ၄၃,၈၀၄.၃၉၆ | -၄၂,၉၇၂.၄၂၁ | ၁၂၅.၂၀% | ၆၅.၉၆% |

### ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

### ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

### (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၁,၁၁၄.၈၇၂ | ၃၂,၆၃၁.၃၃၇ | -၃၁,၅၁၆.၄၆၅ | ၂၉၁.၇၇၆ | ၂၇,၄၂၅.၅၀၀ | -၂၇,၁၃၃.၇၂၄ | ၂၆.၁၇% | ၈၄.၀၅% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၁၈,၃၇၃.၃၀၀ | ၂၇၄,၀၄၄.၉၅၅ | -၂၅၅,၇၇၀.၆၅၅ | ၁၄,၇၇၀.၇၂၈ | ၂၄၀,၂၅၂.၈၂၀ | -၂၂၅,၄၈၁.၀၉၂ | ၈၀.၄၀% | ၈၇.၆၄% |
| | ၄ | ကာကွယ်ရေး | ၂၃,၅၀၀.၃၅၀ | ၁,၆၉၄,၉၆၆.၈၈၇ | -၁,၆၇၁,၄၆၆.၅၃၇ | ၁၈,၇၂၆.၁၉၄ | ၁,၀၄၃,၀၅၉.၃၃၂ | -၁,၀၂၄,၃၃၃.၁၃၈ | ၇၉.၆၈% | ၆၁.၅၄% |
| | ၅ | နယ်စပ်ရေးရာ | ၁၄၂.၂၂၄ | ၇၂,၉၁၉.၂၂၈ | -၇၂,၇၇၇.၀၀၄ | ၃,၇၈၀.၄၂၄ | ၆၈,၂၄၄.၅၃၆ | -၆၄,၄၆၄.၁၁၂ | ၂၆၅၈.၀၈% | ၉၃.၅၉% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၁,၁၈၂.၆၃၁ | -၁,၁၈၂.၆၃၁ | | ၅၂၅.၂၉၂ | -၅၂၅.၂၉၂ | | ၄၄.၄၂% |
| | ၇ | ပြန်ကြားရေး | ၆,၂၆၃.၄၁၂ | ၃၂,၉၂၉.၄၂၄ | -၂၆,၆၆၆.၀၁၂ | ၅,၅၂၆.၅၁၂ | ၂၅,၅၆၀.၀၂၂ | -၂၀,၀၃၄.၅၁၀ | ၈၈.၂၃% | ၇၇.၆၂% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁,၉၆၂.၄၄၂ | ၃,၉၂၅.၇၇၇ | -၁,၉၆၃.၃၃၅ | ၁,၀၀၇.၅၇၇ | ၃,၁၃၀.၂၉၉ | -၂,၁၂၃.၇၂၂ | ၅၁.၃၄% | ၇၉.၇၆% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၄၄,၅၈၉.၂၅၀ | ၆၂,၀၀၅.၄၀၂ | -၁၇,၄၁၆.၁၅၂ | ၆,၅၉၇.၄၆၆ | ၁၉,၈၃၉.၉၄၈ | -၁၃,၂၄၂.၄၈၂ | ၁၄.၈၀% | ၃၂.၀၀% |
| | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၂၉၈,၇၉၄.၂၂၂ | ၅၆၃,၉၄၅.၅၆၆ | -၂၆၅,၁၅၁.၃၄၄ | ၂၀၃,၂၄၃.၇၈၈ | ၄၀၅,၇၂၉.၇၆၃ | -၂၀၂,၄၈၅.၉၇၅ | ၆၈.၀၂% | ၇၁.၉၄% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၈၄,၈၅၁.၅၆၅ | ၂၆၃,၇၆၆.၄၃၀ | +၁၂၁,၀၈၅.၁၃၅ | ၃၅၅,၉၂၃.၀၀၃ | ၁၅၁,၇၄၄.၈၉၆ | +၂၀၄,၁၇၈.၁၀၇ | ၉၂.၄၈% | ၅၇.၅၃% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၄,၇၂၀.၆၆၅ | ၃၅,၉၂၅.၆၈၀ | -၁၁,၂၀၅.၀၁၅ | ၂၅,၄၅၉.၃၉၀ | ၂၃,၃၉၅.၄၃၄ | +၂,၀၆၃.၉၅၆ | ၁၀၂.၉၉% | ၆၅.၁၂% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၄၀၅,၉၈၂.၃၂၂ | ၃၈၈,၃၂၇.၈၈၁ | +၁၇,၆၅၄.၄၄၁ | ၃၂၀,၀၂၉.၈၄၈ | ၂၂၁,၉၈၇.၅၉၉ | +၉၈,၀၄၂.၂၄၉ | ၇၈.၈၃% | ၅၇.၁၆% |
| | ၁၄ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၃၇,၀၅၃.၆၃၇ | ၂၁,၁၇၀.၅၀၉ | +၁၅,၈၈၃.၁၂၈ | ၆၂,၉၁၇.၀၈၆ | ၁၇,၅၇၇.၇၀၀ | +၄၅,၃၃၉.၃၈၆ | ၁၆၉.၈၀% | ၈၃.၀၃% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၆,၁၉၀.၄၀၅ | ၁၃,၅၅၆.၉၁၆ | +၂,၆၃၃.၄၈၉ | ၁၃,၉၆၉.၉၂၇ | ၆,၉၄၈.၂၀၂ | +၇,၀၂၁.၇၂၅ | ၈၆.၂၉% | ၅၁.၂၅% |
| | ၁၆ | ပညာရေး | ၈၆,၂၄၅.၈၄၁ | ၁,၁၅၇,၁၅၄.၈၅၄ | -၁,၀၇၀,၉၀၉.၀၁၃ | ၇၀,၀၆၂.၇၁၁ | ၈၈၄,၂၆၃.၀၉၉ | -၈၁၄,၂၀၀.၃၈၈ | ၈၁.၂၄% | ၇၆.၄၂% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၆၇,၅၈၃.၆၈၇ | ၄၅၃,၄၁၇.၅၅၅ | -၃၈၅,၈၃၃.၈၆၈ | ၂၅,၉၆၇.၇၆၆ | ၂၅၈,၁၀၄.၅၀၂ | -၂၃၂,၁၃၆.၇၃၆ | ၃၈.၄၂% | ၅၆.၉၂% |
| | ၁၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၃,၄၅၁.၃၆၀ | ၈,၅၅၆.၈၃၈ | -၅,၁၀၅.၄၇၈ | ၁,၁၀၈.၅၀၅ | ၄,၁၉၃.၀၃၂ | -၃,၀၈၄.၅၂၇ | ၃၂.၁၂% | ၄၉.၀၀% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၄၄၀,၀၇၆.၈၈၅ | ၃,၃၈၂,၂၄၃.၉၀၃ | +၅၇,၈၃၂.၉၈၂ | ၄,၂၇၁,၄၈၂.၈၀၈ | ၂,၈၅၆,၇၂၅.၀၂၈ | +၁,၄၁၄,၇၅၇.၇၈၀ | ၁၂၄.၁၇% | ၈၄.၄၆% |
| | ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၂,၅၀၀.၁၀၀ | ၃,၀၅၅.၈၅၀ | -၅၅၅.၇၅၀ | ၃,၇၀၈.၀၀၄ | ၁,၈၉၀.၀၉၃ | +၁,၈၁၇.၉၁၁ | ၁၄၈.၃၁% | ၆၁.၈၅% |
| | ၂၀ | ဆောက်လုပ်ရေး | ၂၇၈,၅၂၉.၂၈၈ | ၄၅၅,၀၆၉.၀၂၂ | -၁၇၆,၅၃၉.၇၃၄ | ၁၃၄,၅၃၄.၄၁၈ | ၃၂၇,၁၈၂.၃၆၄ | -၁၉၂,၆၄၇.၉၄၆ | ၄၈.၃၀% | ၇၁.၉၀% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၉၀၆.၅၄၅ | ၆၆,၆၈၄.၃၄၁ | -၆၅,၇၇၇.၇၉၆ | ၁,၁၉၉.၈၁၀ | ၄၂,၇၄၀.၁၁၂ | -၄၁,၅၄၀.၃၀၂ | ၁၃၂.၃၅% | ၆၄.၀၉% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၄,၆၀၉.၂၈၃ | ၅,၉၃၆.၁၂၈ | +၈,၆၇၃.၁၅၅ | ၂၉,၀၅၁.၄၈၂ | ၅,၆၈၁.၅၃၃ | +၂၃,၃၆၉.၉၄၉ | ၁၉၈.၈၆% | ၉၅.၇၀% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | ၂၄၁.၂၆၆ | ၂,၁၄၀.၃၅၈ | -၁,၈၉၉.၀၉၂ | ၃၂၁.၀၁၀ | ၁,၃၅၃.၃၉၉ | -၁,၀၃၂.၃၈၉ | ၁၃၃.၀၅% | ၆၃.၂၃% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၅,၁၅၇,၆၈၂.၉၂၀ | ၈,၉၉၅,၆၅၇.၄၃၂ | -၃,၈၃၇,၉၇၄.၅၁၀ | ၅,၅၆၉,၆၈၀.၂၄၃ | ၆,၆၃၇,၅၅၆.၅၀၅ | -၁,၀၆၇,၈၇၅.၂၆၂ | ၁၀၇.၉၉% | ၇၃.၇၉% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၆၅,၇၀၀.၀၀၀ | ၁၈,၄၂၇.၇၃၂ | +၄၇,၂၇၂.၂၆၈ | ၇၁,၉၁၅.၅၁၀ | ၁၆,၃၇၃.၈၉၇ | +၅၅,၅၄၁.၆၁၃ | ၁၀၉.၄၆% | ၈၈.၈၅% |
| | | စုစုပေါင်း | ၆၅,၇၀၀.၀၀၀ | ၁၈,၄၂၇.၇၃၂ | +၄၇,၂၇၂.၂၆၈ | ၇၁,၉၁၅.၅၁၀ | ၁၆,၃၇၃.၈၉၇ | +၅၅,၅၄၁.၆၁၃ | ၁၀၉.၄၆% | ၈၈.၈၅% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၀,၇၁၀.၆၄၉ | ၈,၈၂၈.၅၀၁ | +၁,၈၈၂.၁၄၈ | ၈.၉၅၂.၁၂၅ | ၄,၆၄၀.၇၂၉ | +၄.၃၁၁.၃၉၆ | ၈၃.၅၈% | ၅၂.၅၇% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၆၇,၃၇၀.၄၄၅ | ၆၀၈,၇၉၇.၅၀၁ | -၁၄၁,၄၂၇.၀၅၆ | ၂၆၃,၀၁၈.၈၃၂ | ၂၉၈,၅၅၀.၆၉၃ | -၃၅.၅၃၁.၈၆၀ | ၅၆.၂၈% | ၄၉.၀၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၆၄,၆၄၉.၃၀၅ | ၂၂၉,၆၉၃.၆၄၁ | +၃၄,၉၅၅.၆၆၄ | ၂၀၀,၇၂၀.၂၀၂ | ၂၁၂,၂၇၇.၉၇၀ | -၁၀,၅၂၆.၇၅၈ | ၇၆.၂၂% | ၉၂.၄၀% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၀၂၈,၄၅၆.၉၂၂ | ၃,၁၄၀,၉၃၄.၀၇၆ | -၁၁၂,၄၇၇.၁၅၄ | ၃,၀၄၆,၇၄၇.၆၄၄ | ၂,၇၁၇,၆၃၅.၁၈၃ | +၃၂၉,၁၁၂.၄၆၀ | ၁၀၀.၆၀% | ၈၆.၅၂% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၃၆,၁၇၂.၇၂၄ | ၁၈၀,၅၈၂.၁၄၀ | -၁၄၄,၄၀၉.၄၁၆ | ၂၉.၃၀၅.၃၇၄ | ၁၅၇,၄၁၁.၀၉၃ | -၁၂၈,၁၀၅.၇၁၉ | ၈၁.၀၂% | ၈၇.၁၇% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၂၈,၈၂၇.၁၂၀ | ၄၂၀,၀၉၂.၀၀၅ | +၈,၇၃၅.၁၁၆ | ၄၃၀,၆၃၉.၈၉၈ | ၄၂၄.၄၉၇.၅၅၂ | +၆,၁၄၂.၃၄၆ | ၁၀၀.၄၂% | ၁၀၁.၀၅% |
| | | စုစုပေါင်း | ၄,၂၃၆,၁၈၇.၁၆၆ | ၄,၅၈၈,၉၂၇.၈၆၄ | -၃၅၂,၇၄၀.၆၉၈ | ၃,၉၈၀,၃၈၅.၀၈၅ | ၃,၈၁၄,၉၈၃.၂၂၀ | +၁၆၅,၄၀၁.၈၆၅ | ၉၃.၉၆% | ၈၃.၁၃% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၈၄,၅၇၆.၅၆၂ | ၁၇၁,၉၁၅.၇၅၂ | +၁၂,၆၆၀.၈၁၀ | ၁၈၉,၀၅၇.၃၃၀ | ၁၈၂,၃၇၄.၆၂၇ | +၆,၆၈၂.၇၀၃ | ၁၀၂.၄၃% | ၁၀၆.၀၈% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၉၁၂,၈၁၃.၀၈၉ | ၈၂၆,၅၆၄.၂၂၁ | +၈၆,၂၄၈.၈၆၈ | ၇၇၅.၃၃၃.၂၄၄ | ၇၀၉.၉၅၅.၄၅၈ | +၆၅.၃၇၇.၇၈၆ | ၈၄.၉၄% | ၈၅.၈၉% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၂၇,၂၃၄.၄၄၀ | ၆၀၄,၆၁၅.၇၄၄ | +၂၂,၆၁၈.၆၉၆ | ၅၃၉.၃၇၇.၇၇၇ | ၅၄၀,၁၀၉.၅၈၉ | +၁၉,၆၃၈.၁၅၈ | ၈၉.၂၄% | ၈၉.၃၃% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၂၈၅.၅၇၈.၆၄၉ | ၂၂၁.၉၄၈.၄၇၇ | +၆၃,၆၃၀.၁၇၂ | ၂၁၅.၅၈၅.၄၉၇ | ၁၆၉,၈၄၅.၈၆၉ | +၄၅.၇၃၉.၆၂၈ | ၇၅.၄၉% | ၇၆.၅၂% |
| | | စုစုပေါင်း | ၁,၀၉၇,၃၀၉.၆၅၁ | ၉၉၈,၄၇၉.၉၇၃ | +၉၈,၉၀၉.၆၇၈ | ၉၆၄,၃၉၀.၅၇၄ | ၈၉၂,၃၃၀.၀၈၅ | +၇၂,၀၆၀.၄၈၉ | ၈၇.၈၈% | ၈၉.၃၇% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၇၆၂.၂၉၈ | ၆၇၉.၆၆၅ | +၈၂.၆၃၃ | ၁,၁၀၆.၄၆၃ | ၆၂၀.၁၄၉ | +၄၈၅.၃၁၄ | ၁၄၅.၁၅% | ၉၁.၃၉% |
| | စုစုပေါင်း | ၇၆၂.၂၉၈ | ၆၇၉.၆၆၅ | +၈၂.၆၃၃ | ၁,၁၀၆.၄၆၃ | ၆၂၀.၁၄၉ | +၄၈၅.၃၁၄ | ၁၄၅.၁၅% | ၉၁.၃၉% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေသုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၅၆.၅၀၈ | ၆၁,၉၉၉.၀၇၉ | -၆၁,၉၄၂.၅၇၁ | ၁၆၀.၅၀၅ | ၄၇,၂၅၁.၅၇၇ | -၄၇,၀၉၁.၀၇၂ | ၂၈၄.၀၄% | ၇၆.၂၁% |
| | စုစုပေါင်း | ၅၆.၅၀၈ | ၆၁,၉၉၉.၀၇၉ | -၆၁,၉၄၂.၅၇၁ | ၁၆၀.၅၀၅ | ၄၇,၂၅၁.၅၇၇ | -၄၇,၀၉၁.၀၇၂ | ၂၈၄.၀၄% | ၇၆.၂၁% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃၅၄,၈၇၈,၄၃၅ | ၉၅,၉၇၀,၂၉၉ | +၂၅၈,၉၀၈,၁၃၆ | ၄၀၃,၆၈၄,၁၇၅ | ၆၀,၄၂၅,၉၆၄ | +၃၄၃,၂၅၈,၂၁၁ | ၁၁၃.၇၅% | ၆၂.၉၆% |
| | စုစုပေါင်း | ၃၅၄,၈၇၈,၄၃၅ | ၉၅,၉၇၀,၂၉၉ | +၂၅၈,၉၀၈,၁၃၆ | ၄၀၃,၆၈၄,၁၇၅ | ၆၀,၄၂၅,၉၆၄ | +၃၄၃,၂၅၈,၂၁၁ | ၁၁၃.၇၅% | ၆၂.၉၆% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၈,၁၉၃.၉၉၈ | ၂၃,၃၁၆.၁၅၈ | +၄,၈၇၇.၈၄၀ | ၂၉,၉၅၈.၁၂၅ | ၁၈,၁၄၇.၂၆၄ | +၁၁,၈၁၀.၈၆၁ | ၁၀၆.၂၆% | ၇၇.၈၃% |
| | စုစုပေါင်း | ၂၈,၁၉၃.၉၉၈ | ၂၃,၃၁၆.၁၅၈ | +၄,၈၇၇.၈၄၀ | ၂၉,၉၅၈.၁၂၅ | ၁၈,၁၄၇.၂၆၄ | +၁၁,၈၁၀.၈၆၁ | ၁၀၆.၂၆% | ၇၇.၈၃% |

# နိုင်ငံတော်၏ ကြွေးမြီ အရပ်ရပ်အခြေအနေ တင်ပြချက်

## နာယကကြီးခင်ဗျား

၆၆။ နိုင်ငံတော်၏ (၃၀-၉-၂၀၁၉) ရက်နေ့အထိ ပြည်ပကြွေးမြီ အရပ်ရပ် (မြီရှင်နိုင်ငံ/အဖွဲ့အစည်းအလိုက်) အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | မြီရှင်နိုင်ငံ/အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | အေဒီဘီ | ၅၆၆,၆၃၆,၃၈၆.၀၉ |
| ၂ | အေအိုင်အက်ဖ် | ၃,၆၃၆,၄၇၃.၃၆ |
| ၃ | အေအက်ဖ်ဒီ | ၃၂၂,၆၅၀.၈၇ |
| ၄ | ဩစတြီးယား | ၁၂၇,၈၂၉,၈၆၁.၂၉ |
| ၅ | တရုတ် | ၃,၂၁၄,၈၁၉,၇၂၇.၂၂ |
| ၆ | ဖင်လန် | ၂,၇၁၆,၃၀၅.၄၇ |
| ၇ | ပြင်သစ် | ၄၇၀,၂၅၈,၃၁၃.၀၅ |
| ၈ | ဂျာမဏီ | ၆၈၇,၀၆၉,၆၆၁.၉၈ |
| ၉ | အိုင်ဒီအေ | ၁,၃၉၅,၄၀၈,၆၃၄.၀၂ |
| ၁၀ | အိုင်အက်ဖ်အေဒီ | ၁၂,၅၉၅,၁၄၇.၅၃ |
| ၁၁ | အိန္ဒိယ | ၁၉၈,၉၂၆,၁၂၂.၁၆ |
| ၁၂ | အီတလီ | ၇,၁၈၆,၇၄၀.၀၀ |
| ၁၃ | ဂျပန် | ၃,၀၂၂,၃၁၅,၁၅၈.၂၃ |
| ၁၄ | ကိုရီးယား | ၁၄၉,၃၄၃,၈၀၉.၇၆ |
| ၁၅ | နယ်သာလန် | ၈,၄၁၀,၀၈၇.၅၅ |
| ၁၆ | အိုပက် | ၈,၂၈၃,၄၉၂.၉၅ |
| ၁၇ | ပိုလန် | ၅၄,၄၄၅,၀၀၀.၀၀ |
| ၁၈ | ဆော်ဒီ | ၁,၁၃၀,၀၀၇.၄၁ |
| ၁၉ | ထိုင်း | ၁၅,၆၉၇,၁၉၄.၆၂ |
| ၂၀ | အင်္ဂလန် | ၃၃,၆၀၅,၆၅၅.၇၀ |
| ၂၁ | ဆာဗီးယား | ၂၃,၂၃၅,၅၁၂.၅၃ |
| | **စုစုပေါင်း** | **၁၀,၀၀၃,၈၇၁,၉၄၁.၇၉** |

၆၇။ နိုင်ငံတော်၏ (၃၀-၉-၂၀၁၉) ရက်နေ့အထိ ဌာန၊ အဖွဲ့အစည်းအလိုက် ပေးရန်ရှိသည့် ပြည်ပကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်းဖြစ်ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၀ . ၀၀၃ ဘီလီယံ ဖြစ်ပါတယ်-

(အမေရိကန်ဒေါ်လာ)

| စဉ် | ဌာန၊ အဖွဲ့အစည်းအမည် | ပေးဆပ်ရန်ကျန်ငွေ |
|---|---|---|
| ၁ | ပြည်ထဲရေး | ၈၈,၉၇၁,၈၈၉.၄၁ |
| ၂ | ကာကွယ်ရေး | ၂၀၈,၄၃၁,၄၇၄.၉၁ |
| ၃ | ပြန်ကြားရေး | ၁,၆၅၄,၇၄၂.၉၆ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၈၅၃,၄၄၇,၃၃၅.၂၉ |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ၁,၇၆၃,၂၂၇,၅၈၈.၁၂ |
| ၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၈,၂၄၉,၆၇၁.၁၄ |
| ၇ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၉၈၂,၈၅၇,၇၃၆.၀၀ |
| ၈ | စက်မှု | ၁,၁၇၈,၄၀၁,၅၉၃.၀၆ |
| ၉ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၇,၂၄၈,၈၄၇.၈၀ |
| ၁၀ | ပညာရေး | ၈၃,၉၄၀,၀၁၂.၂၆ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၇၂,၃၃၉,၉၉၂.၅၄ |
| ၁၂ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၃၅၆,၅၄၇,၅၆၅.၈၅ |
| ၁၃ | ဆောက်လုပ်ရေး | ၂၆၀,၆၅၈,၄၆၃.၀၆ |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၈၇,၁၈၇,၈၁၁.၉၈ |
| ၁၅ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | ၂,၇၇၂,၄၅၂.၅၃ |
| ၁၆ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇,၉၃၄,၇၆၄.၈၈ |
| | **စုစုပေါင်း** | **၁၀,၀၀၃,၈၇၁,၉၄၁.၇၉** |

၆၈။ ၂၀၁၁-၂၀၁၂ ခု ၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (၃၀-၉-၂၀၁၉)နေ့အထိ နှစ်အလိုက် နိုင်ငံတော်၏ ပြည်တွင်း ၊ ပြည်ပကြွေးမြီ အခြေအနေမှာ တင်ပြပါအတိုင်း ဖြစ်ပါတယ်-

(ကျပ်ဘီလီယံ)

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏% | ပြည်ပကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီ၏% |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ (၃၁-၃-၂၀၁၂ နေ့အထိ) | ၉,၉၃၈ | ၂၁.၃% | * ၆,၃၃၅ | ၁၃.၆% |
| ၂၀၁၂-၂၀၁၃ (၃၁-၃-၂၀၁၃ နေ့အထိ) | ၁၀,၈၂၄ | ၂၁.၁% | * ၇,၃၀၁ | ၁၄.၂% |
| ၂၀၁၃-၂၀၁၄ (၃၁-၃-၂၀၁၄ နေ့အထိ) | ၁၂,၀၁၄ | ၂၀.၃% | ၉,၅၆၁ | ၁၆.၁% |
| ၂၀၁၄-၂၀၁၅ (၃၁-၃-၂၀၁၅ နေ့အထိ) | ၁၂,၄၈၇ | ၁၈.၉% | ၉,၅၄၅ | ၁၄.၄% |
| ၂၀၁၅-၂၀၁၆ (၃၁-၃-၂၀၁၆ နေ့အထိ) | ၁၅,၇၂၄ | ၂၁.၄% | ၁၂,၂၄၆ | ၁၆.၇% |
| ၂၀၁၆-၂၀၁၇ (၃၁-၃-၂၀၁၇ နေ့အထိ) | ၁၈,၀၂၀ | ၂၂.၂% | ၁၀,၈၄၁ | ၁၃.၄% |
| ၂၀၁၇-၂၀၁၈ (၃၁-၃-၂၀၁၈ နေ့အထိ) | ၂၀,၇၂၅ | ၂၂.၉% | ၁၃,၉၇၄ | ၁၅.၄၅% |
| ၂၀၁၈ ခု (ဧပြီလမှ စက်တင်ဘာလအထိ) (၃၀-၉-၂၀၁၈ နေ့အထိ) | ၂၂,၂၈၇ | ၂၃.၆၄% | ၁၃,၂၆၃ | ၁၄.၀၇% |
| ၂၀၁၈-၂၀၁၉ (၃၀-၉-၂၀၁၉ နေ့အထိ) | ၂၅,၂၄၄ | ၂၃.၉၈% | ၁၅,၅၀၆ | ၁၄.၇၃% |

မှတ်ချက်။ * နောက်ကျကြွေးများမပါဝင်ပါ၊

* ၂၀၁၈-၂၀၁၉ ဂျီဒီပီတန်ဖိုး ကျပ် ၁၀၅,၂၅၈ ဘီလီယံ။

၆၉။ နိုင်ငံတော်၏ ပြည်တွင်းပြည်ပကြွေးမြီများနှင့် ပတ်သက်၍-

- ကြွေးမြီခံနိုင်ရည်ရှိမှု ဆန်းစစ်ခြင်း၊
- ကြွေးမြီစီမံခန့်ခွဲမှု ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

- ကြေးမြီမှတ်တမ်းတင်ခြင်း၊
- ကြေးမြီအစီရင်ခံခြင်းတို့ကို ငွေတိုက်ဦးစီးဌာနက စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၇၀။ ပြည်သူ့ကြေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၅-၁-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်သူ့ကြေးမြီစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ ကာလလတ်ကြေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနက နှစ်စဉ်ပုံမှန် ရေးဆွဲရမှာဖြစ်သည့်အတွက် နှစ်စဉ်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ကြေးမြီစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၃၇ အရ အစိုးရ၏ ကြေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကိုလည်း နှစ်စဉ်ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။

**၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**

၇၁။ နာယကကြီးခင်ဗျား၊ အထက်ဖော်ပြပါ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေခံ ရေးဆွဲသော ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင် အပိုင်း ၈ ပိုင်း၊ အခန်း ၈ ခန်း၊ ပုဒ်မ ၄၁ ခု ပါဝင်ပါကြောင်း တင်ပြအပ်ပါတယ်-

| အပိုင်း | အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| ၁ | | ၁ | အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက် | ၁ |
| ၂ | ၁ | ၂-၅ | နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ (ရငွေများနှင့် သုံးငွေများ) | ၁-၃ |

| အပိုင်း | အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|---|
| | ၂ | ၆-၁၂ | ငွေချေးယူခြင်း | ၃-၄ |
| | ၃ | ၁၃-၁၄ | ပြည်ပအကူအညီရယူခြင်း | ၄-၅ |
| | ၄ | ၁၅-၁၈ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ | ၅-၆ |
| ၃ | ၁ | ၁၉-၂၀ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၆-၇ |
| | ၂ | ၂၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့် | ၇-၈ |
| | ၃ | ၂၂ | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေး ဆိုင်ရာ လုပ်ပိုင်ခွင့် | ၈ |
| | ၄ | ၂၃-၂၅ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၈-၁၀ |
| ၄ | | ၂၆ | အရေးပေါ်ရန်ပုံငွေ | ၁၀-၁၁ |
| ၅ | | ၂၇-၃၀ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၁၁-၁၂ |
| ၆ | | ၃၁-၃၃ | နေပြည်တော်ကောင်စီ | ၁၂-၁၃ |
| ၇ | | ၃၄-၃၇ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၃-၁၄ |
| ၈ | | ၃၈-၄၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၄-၁၅ |


၇၂။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း နှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ကြမ်းတို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သုံးသပ် အကြံပြုချက်နှင့်အတူ ပူးတွဲတင်ပြထား ပါတယ်။

## နိဂုံး

၇၃။ လေးစားအပ်ပါသော နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပေးပို့တင်ပြထားသည့်-

- ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊
- ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

၇၄။ ကျေးဇူးတင်ပါတယ်။